# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 25 December 2022 ၁၀၉၆၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## ယနေ့အချိန်၌ သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက်အားထားရသည့် ပြည်သူကအားကိုးရသည့် တပ်ဖွဲ့ကြီးတစ်ခုအဖြစ် ခန့်ညားထည်ဝါစွာရပ်တည်နိုင်ခဲ့ပြီ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ယနေ့ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော် (ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ နယ်မြေခံရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)


စာမျက်နှာ ၃ ကော်လံ ၁ သို့ ★





ကြေးမုံ

# ပြည်တွင်းရေးစွက်ဖက်မှုကို လက်မခံဆန့်ကျင်

ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်းသတင်းနှင့်ပတ်သက်၍ ဆန့်ကျင်ဘက်မီဒီယာများ၏ နေ့စဉ်ရက်ဆက်သတင်းထုတ်လွှင့်မှုများကို ကြားသိနေရပါသည်။ ဤအရေးသည် ပြည်တွင်းရေးသာဖြစ်၍ ပြည်ပမှ မည်သည့်စွက်ဖက်မှုကိုမျှ လက်မခံဘဲ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ အခြေခံမူဝါဒရပ်တည်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနေသည်။

ကုလသမဂ္ဂအဖွဲ့အစည်းများသည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်များကို သွေဖည်ကာ ပကတိအခြေအနေမှန်များ၊ မြေပြင်အချက်အလက်များနှင့်ကွဲလွဲသည့် တစ်ဖက်သတ်အမြင် အချက်အလက်များဖြင့် ဆုံးဖြတ်ချက်များ၊ အဆိုများကို မကြာခဏချမှတ်လေ့ရှိပါသည်။ ယခုဆုံးဖြတ်ချက်အဆိုကို လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံရှိသည့်အနက် အဖွဲ့ဝင်နိုင်ငံ ဗြိတိန်က ဦးဆောင်တင်သွင်းခဲ့ခြင်းဖြစ်သည်။ လုံခြုံရေးကောင်စီတွင် မိတ်ဆွေနိုင်ငံသုံးနိုင်ငံက သမာသမတ်ကျစွာဖြင့် ကြားနေရပ်တည်ခဲ့ပြီး မြန်မာနိုင်ငံအပေါ် အစဉ်အဆက်ဖိအားပေးမြဲဖြစ်သည့် အနောက်အုပ်စုနိုင်ငံများက ထောက်ခံမဲပေးခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်သည် ကုလသမဂ္ဂ၏ အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့်ဆန့်ကျင်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သောအချက်များစွာ ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိန်းသိမ်းရေးကို အဓိကတာဝန်ယူဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လုံခြုံရေးကောင်စီသို့ တာဝန်အပ်နှင်းထားရာ လုံခြုံရေးကောင်စီအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို သွေဖည်၍ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် လုပ်ဆောင်မှုများ ပြုလုပ်ခဲ့သဖြင့် စိတ်ပျက်ဖွယ်ရာဖြစ်စေသည်။

ဆုံးဖြတ်ချက်အဆိုတွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားရာ အထွေထွေညီလာခံ တတိယကော်မတီတွင်လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီတွင်လည်းကောင်း အကြိမ်ကြိမ်ဆွေးနွေးပြီးကိစ္စများဖြစ်နေပြီး လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်အတွင်း ကျရောက်ခြင်းမရှိသော အံမဝင်သည့် ကိစ္စများဖြစ်နေသည်ကို တွေ့ရပါသည်။ ဆုံးဖြတ်ချက်အဆိုတွင် အကြမ်းဖက်မှုများကို ရပ်တန့်ရန် တောင်းဆိုထားမှုများပါဝင်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့များကိုသာ ရည်ညွှန်းထားပြီး ပြည်တွင်း၌ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေသည့် အကြမ်းဖက်အဖွဲ့ NUG နှင့် PDFs လုပ်ရပ်များကို ချန်လှပ်ထားသည်ကိုတွေ့ရသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက တာဝန်ပေးအပ်နှင်းထားသော လုံခြုံရေးကောင်စီအနေဖြင့် ကမ္ဘာ့နိုင်ငံများငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်ပြီး တရားမျှတစွာ ဆောင်ရွက်သင့်ပေသည်။ NUG နှင့် PDFs တို့၏ အကြမ်းဖက်လုပ်ရပ်များကို အထင်အရှားမြင်တွေ့နေရပြီး ယင်းလုပ်ရပ်များကိုသာ တားဆီးရှုတ်ချရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ပြန်လည်တည့်မတ်ခိုင်မာလာအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုများကို အသိအမှတ်ပြုရန်လိုပါသည်။ အာဆီယံတူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ပူးပေါင်းဆောင်ရွက်ရာတွင်လည်း အာဆီယံ "မူ" များကို အခြေခံရန်လိုပါသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့် ဆက်ဆံရာတွင်လည်း ပြည်တွင်းရေးကို မစွက်ဖက်ရန်၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန် လိုအပ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍လည်း နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ စိစစ်လက်ခံဆောင်ရွက်နေပါသည်။

မြန်မာ့အရေးကို စဉ်းစားဆောင်ရွက်ရာတွင် အမျိုးသားစရိုက်လက္ခဏာ၊ နောက်ခံသမိုင်းကြောင်းနှင့် အကြောင်းအရာများကို မှန်မှန်ကန်ကန် ထည့်သွင်းစဉ်းစားခြင်းကို ဆောင်ရွက်ခြင်းမပြုလျှင် မှန်ကန်သော လုပ်ဆောင်မှုအဖြစ် သတ်မှတ်နိုင်မည်မဟုတ်ပေ။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော စိတ်ဝမ်းကွဲပြားမှုများနှင့် နက်နဲကျယ်ပြန့်သည့်ကိစ္စများကို မြန်မာနိုင်ငံသာလျှင် အသိဆုံးဖြစ်ပြီး မြန်မာနိုင်ငံအရေးကို မြန်မာနိုင်ငံကသာ ဖြေရှင်းဆောင်ရွက်နိုင်စွမ်းရှိပါသည်။ မြန်မာနိုင်ငံတွင် ပြည်ပစွက်ဖက်မှုအမျိုးမျိုးကို သမိုင်းတစ်လျှောက်တွင် မြင်တွေ့နိုင်သည်။ ပြည်ပနိုင်ငံများက စွက်ဖက်မှုများနှင့် ဖိအားပေးမှုများဖြင့် ကြားဝင်ဆောင်ရွက်မှုများသည် မအောင်မြင်သော လုပ်ဆောင်မှုများဖြစ်သည်ကို နိုင်ငံအချို့တွင် သက်သေယူနိုင်သည်။

သို့ဖြစ်ရာ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးကို အရေးပေးထောက်ခံ ကူညီဆောင်ရွက်သင့်ပြီး ပြည်တွင်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် ဖိအားပေးမှုများ၊ စွက်ဖက်မှုများသည် မည်သို့မျှအကျိုးမဖြစ်ပါသဖြင့် လက်မခံဆန့်ကျင်သွားမည် ဖြစ်ပါကြောင်း။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး"ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး ကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## ပန်းတောင်းမြို့နယ်၌ (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ကဗျာ၊ စာစီစာကုံးနှင့် ဉာဏ်စမ်းပဟေဠိဖြေဆိုပြိုင်ပွဲ ကျင်းပ

ပန်းတောင်း ဒီဇင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ကဗျာ၊ စာစီစာကုံးနှင့် ဉာဏ်စမ်းပဟေဠိဖြေဆိုပြိုင်ပွဲကို ဝန်လိုရပ်ကွက် မြို့မစာကြည့်တိုက်၌ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါပြိုင်ပွဲများတွင် ပန်းတောင်းမြို့နယ် စာရေးဆရာအသင်းနှင့် မြို့မစာကြည့်တိုက် ကြီးကြပ်မှုကော်မတီတို့ ကြီးမှူးကျင်းပသော စာပေပြိုင်ပွဲဖြစ်သည့် ကဗျာ၊ စာစီစာကုံးနှင့် ဉာဏ်စမ်းပဟေဠိဖြေဆိုပြိုင်ပွဲသို့ ပန်းတောင်းမြို့နယ်အတွင်းရှိ အထက၊ အလကနှင့် မူလတန်းလွန်ကျောင်းများမှကျောင်းသားကျောင်းသူ စုစုပေါင်း ၆၉ ဦး လာရောက်ဖြေဆို ပြိုင်ပွဲဝင်ခဲ့သည်။ ထို့နောက် လာရောက်ဖြေဆိုခဲ့ကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်စာရေးဆရာအသင်းက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

★ ရှေ့ဖုံးမှ

ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

### လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့သည် တပ်မတော်(ရေ)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ပင်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကိုဖွဲ့စည်းပြီး ၁၁ ရက်အကြာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိခဲ့သည့်အတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းများ ဆောင်ကြဉ်းပေးခဲ့သည်ဟု ယူဆနိုင်သကဲ့သို့ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သည့် တပ်ဖွဲ့တစ်ခုလည်းဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

မိမိတို့ တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဖွဲ့စည်းထားသော မျိုးချစ်ပြည်ထောင်စုတပ်မတော်ဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကို ကာကွယ်တားဆီးရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ပြီး ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူများနှင့်လက်တွဲ၍ အသက်၊ သွေး၊ ချွေးပေါင်းများစွာပေးဆပ်ဆောင်ရွက်ခဲ့ကြသည်ကို ခေတ်အဆက်ဆက် အထင်အရှားတွေ့မြင်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ ကုန်းမြေဧရိယာ၏ တစ်ဝက်ကျော်ရှိသည့် ရေပြင်ဧရိယာသည် စတုရန်းရေမိုင်ပေါင်း ၁၄၄၉၁၂ မိုင်ရှိပြီး ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ရေသတ္တဝါများ နားခိုကျက်စားရာ နေရာများနှင့် ကျွန်းကြီး၊ ကျွန်းငယ်များ၊ ပင်လယ်ကမ်းရိုးတန်း သဘာဝအလှတရားများစွာတို့နှင့် ပြည့်နှက်နေကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပင်လယ်ပြင်မှ အဓိကဖော်ဆောင်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရေပြင်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ထားရှိပြီး ကုန်သွယ်ရေလမ်းကြောင်းများ ထိန်းချုပ်နေရာ(Choke Point) များကို စိုးမိုးချုပ်ကိုင်ထားနိုင်သော သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်ကောင်းများ ရရှိထားခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ထို့အပြင် အမေရိကန်၏ Indo-Pacific Strategy၊ တရုတ်၏ Two Ocean Strategy၊ အိန္ဒိယ၏ Act East Policy တို့ ဆုံမှတ်နေရာဖြစ်နေသည်ကိုလည်း သတိပြုဖွယ် တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပင်လယ်ပြင်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်ရည်ရွယ်ပြီး ပင်လယ်ပြင်နှင့် ဆက်စပ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအခြေအနေများကိုသုံးသပ်ကာ မြန်မာ့ရေကြောင်းအကျိုးစီးပွားများ ကာကွယ်ရန်တပ်မတော်(ရေ)ကို မဟာဗျူဟာအမြင်ဖြင့် စဉ်ဆက်မပြတ် တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း။

### ၁၂ ရာစုအစပိုင်းကပင် မြန်မာ့ရေတပ်အစပြု

တပ်မတော်(ရေ)၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ရှေးမြန်မာမင်းများလက်ထက်ကတည်းက ဖွဲ့စည်းပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၂ ရာစုအစပိုင်းကပင် မြန်မာ့ရေတပ်အစပြုခဲ့ပြီး ၁၈ ရာစု ကုန်းဘောင်မင်းဆက်၊ ရတနာပုံခေတ်၌ ရာထူးဌာနန္တရ၊ ဂုဏ်ထူးအဆောင်အယောင်များနှင့် စနစ်တကျဖွဲ့စည်းနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သာယာဝတီမင်း၏ ဒဂုံရေကြောင်းချီအခမ်းအနားသည် မိမိတို့မြန်မာ့ရေတပ်၏ အရည်အသွေးကို ထုတ်ဖော်ပြသခဲ့ခြင်းလည်းဖြစ်ကြောင်း။

သမိုင်းအစဉ်အလာကောင်းခဲ့သည့် မြန်မာ့ရေတပ်သည် လွတ်လပ်ရေးဆုံးရှုံးပြီး သူ့ကျွန်ဘဝရောက်ရှိခဲ့မှုနှင့်အတူ တိမ်မြုပ်ခဲ့ရကြောင်း၊ ၁၉၄၀ ပြည့်နှစ်တွင် ဗမာပြည် ဘုရင့်အပျော်တမ်းအရန်ရေတပ် (BRNVR) ပေါ်ပေါက်လာပြီး ၁၉၄၆ ခုနှစ်တွင် ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်ကို အရာရှိ ၇၄ ဦး၊ အခြားအဆင့် ၇၆၃ ဦးတို့နှင့် အမြဲတမ်းရေတပ်အဖြစ် ပြောင်းလဲဖွဲ့စည်းရန် ပြင်ဆင်ခဲ့ကြောင်း၊ ဖရီးဂိတ် စစ်ရေယာဉ်တစ်စင်းနှင့် ဆိပ်ကမ်းကာကွယ်ရေးရေယာဉ် HDML (Habour Defence Motor Launch) ၁၃ စင်းကိုလည်း ထည့်သွင်းဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဗမာပြည် ဘုရင့်အပျော်တမ်းအရန်ရေတပ် (BRNVR) ကို "ဗမာ့ရေတပ်မတော် (Burma Navy)" အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများကြောင့် နိုင်ငံတော်နှင့်ပြည်သူလူထု၏ ကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် တပ်မတော်(ရေ) သည် တပ်မတော်(ကြည်း/လေ) တို့နှင့်အတူ လက်တွဲတိုက်ပွဲဝင်ခဲ့ကြောင်း။

မြန်မာ့ပင်လယ်ပြင်ကို လုံခြုံစွာကာကွယ်ရန်နှင့် ပင်လယ်ပြင် အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် နိုင်ငံတော်လွတ်လပ်ရေးရရှိပြီးချိန်မှစပြီး ယနေ့အထိ ခေတ်အဆက်ဆက် ရေတပ်သားများသည် ပုခုံးပြောင်းတာဝန်ထမ်းဆောင်ခဲ့ကြကြောင်း၊ တပ်မတော်(ရေ) တိုးတက်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အဆက်ဆက်၏လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုတို့ဖြင့် အစဉ်တစိုက် တည်ဆောက်လာခဲ့ကြောင်း၊ ယခုအခါ စစ်ရေယာဉ်ကြီးများကို ကိုယ်တိုင် ဒီဇိုင်းရေးဆွဲတည်ဆောက်နိုင်သည့် တပ်မတော်(ရေ)အဖြစ် တက်လှမ်းနိုင်ခဲ့ကြောင်း။

စစ်ရေယာဉ်ကြီးများကို ပင်လယ်ပြင်တွင် သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်ရန်အတွက် ရည်မှန်းချက်ထား တည်ဆောက်ပေးနိုင်ခဲ့သကဲ့သို့ တပ်မတော်(ရေ)၏ စစ်မဟာဗျူဟာများဖြစ်သည့် Active Defence Strategy နှင့် Two Sea Strategy အရ ဆက်လက်တည်ဆောက်ရမည့် စစ်ရေယာဉ်များကိုလည်း လျာထားစီမံတည်ဆောက်လျက်ရှိကြောင်း၊ စစ်ရေယာဉ်များ တိုးတက်တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ဖရီးဂိတ်စစ်ရေယာဉ်များနှင့် သီးသန့်စီးပွားရေးဇုန်အတွင်း သမားရိုးကျစစ်ပွဲများကို ဆင်နွှဲနိုင်သည့် ရေတပ်၊ တရားဥပဒေစိုးမိုးရေးကို အပြည့်အဝ ထမ်းဆောင်နိုင်သော ရေတပ်အဖြစ် ဂုဏ်ယူဝင့်ထည်စွာ ရပ်တည်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဆိုသည့် အသင့်ဖြစ်မှု (၃) ရပ်နှင့် ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ စစ်ရေယာဉ်များကို တည်ဆောက်တပ်တော်ဝင်သည့်နေရာတွင်လည်း ခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိရန် ဖရီးဂိတ်စစ်ရေယာဉ်ကအစ မြစ်တွင်းအမြန်သွားတိုက်ခိုက်ရေး စစ်ရေယာဉ်များအဆုံး၊ အထောက်အကူပြုရေယာဉ်များပါမကျန် အမျိုးအစားစုံလင်စွာ စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေယာဉ်ကိုယ်ထည်ဒီဇိုင်းများကိုလည်း ကိုယ်ပျောက်နည်းပညာ (Stealth Technology) ဒီဇိုင်းအထိ အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး ကိုယ်တိုင်တိုးတက်တည်ဆောက်လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မောင်းနှင်မှုစနစ်များတွင်လည်း Waterjet Propulsion စနစ်အသုံးပြုနိုင်ပြီး ရေမိုင် ၄၀ အထက် မောင်းနှင်နိုင်သည့် ရေယာဉ်များအထိ စွမ်းအားမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မြစ်တွင်းစစ်ရေယာဉ်များတွင်လည်း Armor Plate များ တပ်ဆင်ထားပြီး ထိရောက်စွာ စစ်ဆင်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်များအဖြစ် တည်ဆောက်ပေးခဲ့ကြောင်း။

ယင်းနေရာ၌ တပ်မတော်(ရေ)၏ တိုက်စွမ်းအားများကို ဖြည့်ဆည်းပေးနေသည့် အင်ဂျင်နီယာတပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ၏ အရေးပါမှုနှင့် ကြိုးပမ်းအားထုတ်မှုကိုလည်း အသိအမှတ်ပြုပြောကြားလိုကြောင်း၊ တပ်မတော် (ရေ)၏ ရေယာဉ်တည်ဆောက်ရေး ဗိသုကာပညာရှင်တစ်ဦးဖြစ်သည့် ဆရာရှမ်းကို ဂုဏ်ပြုသည့်အနေဖြင့် Floating Dock များကို ဆရာရှမ်းအမည်ဖြင့် တည်ဆောက်တပ်တော်ဝင်ပေးခဲ့ကြောင်း၊ မိမိတို့ရည်မှန်းခဲ့သည့် **"ဝယ်ယူအသုံးပြုသူမှ ကိုယ်တိုင်တည်ဆောက်သူ (Buyer to Builder)"** အဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် ပထမအဆင့်အနေဖြင့် နိုင်ငံတော်အတွက်လိုအပ်သည့် အရပ်ဘက်/စစ်ဘက် ရေယာဉ်များ တည်ဆောက်ရေးမျှော်မှန်းချက်ကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ရေအောက်စစ်ဆင်ရေးကဏ္ဍအတွက် အလွန်အရေးကြီးသည့် တိုက်ခိုက်ရေးရေငုပ်သင်္ဘောနှစ်စင်းကိုရရှိအောင် စွမ်းဆောင်ပေးခဲ့ပြီး ဒေသတွင်း၌ ရေငုပ်သင်္ဘောလက်ဝယ်ပိုင်ဆိုင်သည့် ရေတပ်အဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရေငုပ်သင်္ဘောတပ်ဖွဲ့ကိုလည်း ရေရှည်ဆက်လက်ချီတက်နိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း အသိပေးပြောကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ❐

☆ **မိမိတို့နိုင်ငံ ကုန်းမြေဧရိယာ၏ တစ်ဝက်ကျော်ရှိသည့် ရေပြင်ဧရိယာသည် စတုရန်းရေမိုင်ပေါင်း ၁၄၄၉၁၂ မိုင်ရှိပြီး ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ရေသတ္တဝါများ နားခိုကျက်စားရာ နေရာများနှင့် ကျွန်းကြီး၊ ကျွန်းငယ်များ၊ ပင်လယ်ကမ်းရိုးတန်း သဘာဝအလှတရားများစွာတို့နှင့် ပြည့်နှက်နေ**

☆ **နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပင်လယ်ပြင်မှ အဓိကဖော်ဆောင်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရေပြင်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ထားရှိပြီး ကုန်သွယ်ရေလမ်းကြောင်းများ ထိန်းချုပ်နေရာ(Choke Point)များကို စိုးမိုးချုပ်ကိုင်ထားနိုင်သော သဘာဝကပေးသည့် ထူးခြားသောလက်ဆောင်ကောင်းကို ရရှိထားခဲ့သည်ကို တွေ့မြင်ရ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်ရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

❐ စာမျက်နှာ ၃ မှ

**သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် ရေတပ်**

တပ်မတော်(ရေ)၏ ကဏ္ဍကြီး (၄) ရပ်ကို ထမ်းဆောင်ရာတွင် စစ်ရေးကဏ္ဍအနေဖြင့် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ဟန်ချက်ညီ တိုးတက်မှသာ တိုက်ပွဲဝင်အသင့်ဖြစ်သည့် တပ်ဖွဲ့ တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအားရရှိရေးအတွက် စစ်ဆင်မှုနယ်ပယ် (၄) ရပ်တွင် စစ်ဆင်နိုင်မည့် ခေတ်မီ Platform များ၊ စွမ်းရည်မြင့်လက်နက်နှင့် လက်နက်စနစ်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ကိရိယာများကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် ရေပြင်သွားစစ်ရေယာဉ်ကြီးတွေသာမက ရေငုပ်သင်္ဘောများကိုပါ ရရှိပိုင်ဆိုင်လာခဲ့ပြီး သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် ရေတပ်အဖြစ် ခြေလှမ်းသစ်တစ်ရပ်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တပ်မတော် (ရေ)၏ တိုက်စွမ်းရည်တိုးတက်စေရေးအတွက် တစ်ဦးချင်းလေ့ကျင့်ရေး၊ အဖွဲ့လိုက် လေ့ကျင့်ရေးမှသည် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်လေ့ကျင့်ခန်းများအထိ နှစ်စဉ်လေ့ကျင့်ဆောင်ရွက်စေခဲ့ကြောင်း၊ ထို့ကြောင့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်း (Sea Shield)များကို ၂၀၁၄ ခုနှစ်က စတင်လေ့ကျင့်ခဲ့ပြီး ၂၀၂၂ ခုနှစ်အထိ နှစ်စဉ်နှစ်တိုင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် မပျက်မကွက်တက်ရောက်ခဲ့ကြောင်း၊ ကာကွယ်ရေး၏ သဘောသဘာဝသည် ကြိုတင်မျှော်တွေး ပြင်ဆင်လေ့ကျင့်နေရခြင်းဖြစ်သဖြင့် အမြဲတမ်းလေ့ကျင့်နေမှသာ ပင်လယ်ပြင်မှ ကျူးကျော်လာသည့် မည်သည့်ရန်သူကိုမဆို အချိန်အခါမရွေး တုံ့ပြန်ချေမှုန်းနိုင်မည်ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်ကာကွယ်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်မည်ပင်ဖြစ်ကြောင်း။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကဏ္ဍအနေဖြင့် ပင်လယ်ပြင်တွင် ဘေးဒုက္ခရောက်နေသည့်သူများကို ကူညီခြင်း၊ နိုင်ငံရပ်ခြားတွင် ဒုက္ခမျိုးစုံခံနေရသည့် မိမိတို့ သွေးချင်းတိုင်းရင်းသားပြည်သူများကို ပြန်လည်ခေါ်ဆောင်ခြင်း၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး တာဝန်များထမ်းဆောင်ခြင်း၊ ကမ်းရိုးတန်းနှင့် ကျွန်းနေပြည်သူလူထုတို့၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများ များစွာပါဝင်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မလေးရှားနှင့် အိန္ဒိယနိုင်ငံ အက်ဒမန်ကျွန်းတွင် ကာလရှည်စွာ ဒုက္ခရောက်နေသည့် မြန်မာနိုင်ငံသားများကို ၂၀၂၁ ခုနှစ်အတွင်း ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူလူထုကျန်းမာရေးအတွက် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)၊ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)တို့ဖြင့် နှစ်စဉ် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ ပြည်သူလူထုသုံးသိန်းခန့်ကို ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာမှုရှိစေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စည်ကားမှုကို အထောက်အကူပြုစေရေး၊ အများပြည်သူကြည်ညိုဖူးမြော်နိုင်ရေးနှင့် ကုသိုလ်သဒ္ဓါတရားပွားများနိုင်စေရေးအတွက် ရည်ရွယ်ပြီး ကမ္ဘာ့အကြီးဆုံးစကျင်ဆင်းတုတော်ကြီးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ စကျင်ကျောက်တန်ချိန် ၉၀၀၀ ကျော်ကို ရေယာဉ်များနှင့် သယ်ယူပို့ဆောင်ခဲ့ရာတွင် တပ်မတော်(ရေ)က စစ်ရေယာဉ်များနှင့် အရာရှိ၊ စစ်သည်များ ပါဝင်ဆောင်ရွက်ခွင့်ရခဲ့ကြခြင်းမှာလည်း သာသနာ့သမိုင်းတွင် ဂုဏ်ယူဖွယ်မှတ်တမ်းအဖြစ် ကျန်ရှိနေမည်ပင်ဖြစ်ကြောင်း။

**တပ်မတော်၏**

**အဆင့်အတန်းကိုပြသနိုင်ခဲ့**

တပ်မတော်(ရေ)၏ သံတမန်ရေးရာကဏ္ဍအနေဖြင့် အိမ်နီးချင်းရေတပ်များ၊ နိုင်ငံတကာရေတပ်များနှင့် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်ပြီး တပ်မတော်၏ အဆင့်အတန်းကိုပြသနိုင်ခဲ့ကြောင်း၊ ဒေသတွင်း၊ နိုင်ငံတကာရေတပ်များနှင့် နယ်နိမိတ်တစ်လျှောက် ညှိနှိုင်းကင်းလှည့်ခြင်းအပါအဝင် ရေတပ်ဆိုင်ရာ တွေ့ဆုံပွဲများ၊ ရေကြောင်းလုံခြုံမှုဆိုင်ရာ လေ့ကျင့်ခန်းများကိုလည်း အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး သံတမန်ရေးရာကဏ္ဍကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းကို အသိအမှတ်ပြုပြောကြားလိုကြောင်း။

နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၏ ခေတ်အဆက်ဆက် ဦးဆွေးဆံမြည့်၊ သက်စွန့်ကြိုးပမ်း၊ သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့မှုများကြောင့် နိုင်ငံတော်မှ ဘွဲ့ထူးဂုဏ်ထူး၊ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့/တံဆိပ်/လက်မှတ်များကို သီဟသူရ တစ်ဦး၊ သူရဘွဲ့ ၁၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၆၅ ဦး အပါအဝင် အရာရှိ၊ စစ်သည် ၄၁၆ ဦးအား ပေးအပ်ချီးမြှင့်နိုင်ခဲ့ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် (၇၅) နှစ်တာကာလ ဖြတ်သန်းလာရသည့် သက်တမ်းတစ်လျှောက်ရရှိခဲ့သည့် အတွေးအမြင်၊ အတွေ့အကြုံများ၊ စိုက်ထူခဲ့သည့် သမိုင်းမှတ်တိုင်များကြောင့် **“ရေမြင့်၍ ကြာတင့်သည့်ပမာ”** ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်သည့်အဆင့်အထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့ပင်လယ်ကို ထိရောက်စွာ ကာကွယ်နိုင်ရေးနှင့် ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ရေး (၇၅) နှစ်တာခရီးကို အောင်မြင်စွာဖြတ်ကျော်လျှောက်လှမ်းခဲ့ကြကြောင်း၊ ယနေ့အချိန်၌ သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ် (Three Dimensional Combat Ready Navy) အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသည့် ပြည်သူကအားကိုးရသည့် တပ်ဖွဲ့ကြီးတစ်ခုအဖြစ် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီဖြစ်ကြောင်း။

အဓိကမှာကြားလိုသည်မှာ လက်ဆင့်ကမ်း ပုခုံးပြောင်းတာဝန်ထမ်းဆောင်ကြမယ့် မျိုးဆက်သစ်အရာရှိ၊ စစ်သည်များအနေဖြင့်လည်း မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများ ကာကွယ်ရေးအတွက် **“လှေခွက်ချည်းကျန် အလံမလှဲ”** စိတ်ဓာတ်နှင့် ကျောချင်းကပ် ရင်ချင်းအပ်ပြီး **“မြန်မာ့ပင်လယ်ဒို့ကာကွယ်”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။ ယင်းနောက် တပ်မတော်(ရေ)မှ အရာရှိများ၏ **စိန်ရတုလှမ်းချီ သားကောင်းဇာနည် အဏ္ဏဝါစစ်သည်** သီချင်းနှင့် **အဏ္ဏဝါစစ်ချီ** သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်ရုံးအဆောက်အအုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ဌာနချုပ်ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် အဆောက်အအုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံကမ်းခြေစောင့် တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်ရုံး အဆောက်အအုံအတွင်းနှင့် အဆောက်အအုံအပေါ်တို့မှ နယ်မြေဒေသအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်ရုံး အဆောက်အအုံကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နေ့အထိမ်းအမှတ် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းတပ်တော်ဝင်ခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံးအာမခံချက်မှာ စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစု ပိုင်ဆိုင်ခြင်းပင်ဖြစ်

## တပ်မတော်(ရေ)၏ ရည်မှန်းချက်အဆင့်တိုင်းကို အကောင်အထည်ဖော်ဆောင်နိုင်ရန် တိုက်စွမ်းရည်မြင့်မားသည့် စစ်ရေယာဉ်ကြီးများလိုအပ်သကဲ့သို့ ယခုစစ်ရေယာဉ်ကြီးများကို ကိုင်တွယ်မောင်းနှင်နိုင်မည့် တိုက်စွမ်းရည်ပြည့်ဝသော ရေတပ်စစ်သည်တော်များဖြစ်စေရေး အမြဲတမ်းလေ့ကျင့်နေရန် လိုအပ်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်(ရေ)၏ (၇၅)နှစ်မြောက် စိန်ရတု တပ်မတော်(ရေ) နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီပွားများနှင့် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရန် အတွက် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းတပ်တော်ဝင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ အမှတ်(၃)ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ အငြိမ်းစားကာကွယ်ရေး ဦးစီးချုပ်(လေ)များနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV၊ ရုရှားတပ်မတော် ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral IGOR MUKHAMETSHIN နှင့်အဖွဲ့ဝင်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

အခမ်းအနား အစီအစဉ်အရ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီး ဖွဲ့ဝင်းမြင့်က တပ်တော်ဝင်စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ စစ်ရေယာဉ်များနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လည်းကောင်း၊ ပမ္မဝတီ ရေတပ်စခန်းဌာနချုပ်မှူးက မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံ တပ်မတော်(ရေ)မှ လွှဲပြောင်းပေးအပ်သည့် စစ်ရေယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လည်းကောင်း လွှဲပြောင်းပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) က တပ်တော်ဝင်အခမ်းအနား အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များနှင့် (၆၅)နှစ်မြောက်တပ်မတော်(ရေ)နေ့မှ (၇၅)နှစ်မြောက် စိန်ရတု တပ်မတော်(ရေ)နေ့အထိ ၁၁ နှစ်တာ ကာလအတွင်း တပ်တော်ဝင်၊ တိုးတက်ဖွဲ့စည်းခဲ့သည့် စစ်ရေယာဉ်များ၏ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင် စစ်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံ လွှင့်တင်ခြင်း၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်တော်ဝင်စစ်ရေယာဉ်များအား လှည့်လည်ကြည့်ရှုကြစဉ်။

တပ်မတော်(ရေ) အလံလွှင့်တင်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း ရှစ်ချက်တီးခြင်းနှင့် တပ်တော်ဝင် လုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆောင်ရွက်သည်။

### လှည့်လည်ကြည့်ရှု

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင် စစ်ရေယာဉ်များဖြစ်သော အမြန်သွား ကင်းလှည့်ရေယာဉ် နှစ်စင်း အပါအဝင် တပ်ဖွဲ့တင်ကမ်းထိုး ရေယာဉ်နှစ်စင်းနှင့် ရေသယ်ရေယာဉ် တစ်စင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့် တပ်တော်ဝင်သော ရေယာဉ်များနှင့် ရေငုပ်သင်္ဘော စစ်ရေယာဉ်(မင်းရဲသိခ်သူ) တို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်)တို့က အမြောက် ၂၁ ချက် ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဖရီးဂိတ်စစ်ရေယာဉ်(အောင်ဇေယျ) ဦးဆောင်သော **ဖရီးဂိတ်စစ်ရေယာဉ်(ကျန်စစ်သား)၊ ဖရီးဂိတ်စစ်ရေယာဉ်(ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ်(တပင်ရွှေထီး)၊** ကမ်းလွန်ကင်းလှည့်ရေယာဉ်(အင်းလေး) နှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့မှ အမြန်သွား ကင်းလှည့်ရေယာဉ်တို့က Single Line Formation ပုံစံဖြင့်လည်းကောင်း၊ အမြန်သွား တိုက်ခိုက်ရေးရေယာဉ်ရှစ်စင်းတို့က Line Abreast ပုံပြုပုံစံများဖြင့်လည်းကောင်း ပုံပြုမောင်းနှင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့် ပထမဆုံး အမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင် ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင် ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် တပ်မတော်(ရေ)၏ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)

**စာမျက်နှာ ၆ သို့** »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နေ့အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းတပ်တော်ဝင်ခြင်း အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

»»» **စာမျက်နှာ ၅ မှ**

နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်သကဲ့သို့ တပ်မတော်(ရေ)အတွက် ပဥ္စမနှင့် ဆဋ္ဌမမြောက် Super Dvora အမြန်သွားကင်းလှည့်ရေယာဉ်များ အပါအဝင် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားဖြစ်ပြီး တပ်မတော်အတွက် ထူးခြားလေးနက်သည့် စွမ်းအားတစ်ရပ်ကို ထပ်မံဖြည့်ဆည်းပေးနိုင်သည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပမှ နည်းပညာ လွှဲပြောင်းခဲ့ပြီး တပ်မတော်(ရေ)က ကိုယ်တိုင်တည်ဆောက်ခဲ့သည့် အမြန်သွားကင်းလှည့်ရေယာဉ် နှစ်စင်း အပါအဝင် တပ်ဖွဲ့တင်ကမ်းထိုးရေယာဉ် နှစ်စင်းနှင့် ရေသယ်ရေယာဉ်တစ်စင်းတို့ကို အောင်မြင်စွာ တပ်တော်ဝင်နိုင်ခဲ့ကြောင်း။

**တိုးတက်ထုတ်လုပ်နိုင်ခဲ့**

တပ်မတော်(ရေ)ကို ယခင်က စစ်ရေယာဉ်(မေယု)ဖြင့် စတင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့ကာ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်များမှတစ်ဆင့် ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲပြီး ကိုယ်တိုင်တည်ဆောက်နိုင်သည့် စစ်ရေယာဉ်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ လွန်ခဲ့သည့် (၇၅)နှစ်ကစပြီး အဆင့်ဆင့်တည်ဆောက်လာခဲ့သည်မှာ ယခုအခါ ဒုံးပျံတင်ဖရီးဂိတ်စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်ပြီး တိုက်ပွဲဝင်နိုင်စွမ်းအဆင့် ရောက်ရှိအောင် မိမိတို့ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အကောင်းဆုံး အာမခံချက်မှာ စွမ်းရည်ထက်မြက်သည့် ကာကွယ်ရေးအင်အားစု တည်ဆောက်ပိုင်ဆိုင်ခြင်းပင် ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ကို တည်ဆောက်ရာတွင် အဆင့်လိုက် မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင် စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ်(Three Dimensional Combat Ready Navy) အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့်ရေတပ် (Adjacent Force Projection Navy/ Regional Navy)အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ ရေရှည်မျှော်မှန်းချက်အနေဖြင့် မိမိအကျိုးစီးပွားများ ဆက်စပ်တည်ရှိရာ ရေပြာသို့ အင်အားပို့လွှတ်နိုင်သည့် ရေတပ် (Blue Water Navy Ambition) အဖြစ် မျှော်မှန်းတည်ဆောက်သွားမည်ဖြစ်ကြောင်း။

ရေယာဉ်များ တည်ဆောက်ဖြည့်တင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရေတပ်သင်္ဘောကျင်း ဌာနချုပ်ကို အဆင့်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ ရေယာဉ်တည်ဆောက်မှု အတွေ့အကြုံများပြားလာသည်နှင့်အမျှ အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ကြောင်း၊ စွမ်းရည်ထက်မြက်သည့် တိုက်ပွဲဝင်စစ်ရေယာဉ်များ ဖြစ်စေရေးအတွက် စစ်ရေယာဉ် တစ်စင်းချင်းစီ၏ စွမ်းဆောင်နိုင်မှုများ တိုးတက်ကောင်းမွန်လာစေရေး ဆက်လက်ကြိုးပမ်း တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ စစ်ရေယာဉ်တည်ဆောက်ရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ တာဝန်ရှိသူများ၊ အင်ဂျင်နီယာများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်အားလုံးကို ချီးကျူးမှတ်တမ်းတင် ဂုဏ်ပြုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့် ပထမဆုံး အမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်စဉ်။

တစ်ဖက်တွင်လည်း ဒုတိယအဆင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ် ပင်လယ်ပြင်များသို့ အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်(Adjacent Force Projection Navy/Regional Navy) ဖြစ်ရန် ပင်လယ်ပြင်တွင် ရေရှည်ရပ်တည်နိုင်စွမ်းရှိပြီး တိုက်စွမ်းအားပြည့်ဝသည့် စစ်ရေယာဉ်ကြီးများရှိမှသာ အကောင်အထည်ဖော်တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ ဒုတိယအဆင့် ရည်မှန်းချက်ကို ပြည့်မီရန် ဒေသတွင်း အင်အားဖြန့်ကြက်နိုင်စွမ်းရှိသည့် စစ်ရေယာဉ်ကြီးများကို ဆက်လက်တည်ဆောက်သွားရမည် ဖြစ်ကြောင်း။

**ရေပြာသမုဒ္ဒရာများဆီသို့**

မိမိတို့နိုင်ငံသည် ပင်လယ်ပြင်အကျယ်အဝန်း စတုရန်းရေမိုင် ၁၄၀၀၀၀ ကျော်ရှိပြီး ကမ်းရိုးတန်းအရှည် ရေမိုင် ၁၃၀၀ ခန့်ရှိသည့်အတွက် ဆိပ်ကမ်းကြီးများနှင့် ပင်လယ်ပြင် ဆက်သွယ်ရေးလမ်းကြောင်း(Sea Line of Communication)များကို အပြည့်အဝအသုံးချပြီး သမုဒ္ဒရာဖြတ်ကျော်ရေကြောင်းကုန်သွယ်မှုလုပ်ငန်း (Seaborne Trade)များကို ထိထိရောက်ရောက် ဖော်ဆောင်ရန် အခွင့်အလမ်းများ ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ရေကြောင်းဆိုင်ရာ အမျိုးသား အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တတိယအဆင့် ရေရှည်မျှော်မှန်းချက်ဖြစ်သည့် မိမိတို့၏ အကျိုးစီးပွားများရှိရာ ရေပြာသမုဒ္ဒရာများဆီသို့ အင်အားပို့လွှတ်နိုင်သည့် ရေတပ်(Blue Water Navy Ambition)အဖြစ် အဆင့်လိုက် မျှော်မှန်း တည်ဆောက်သွားရမည် ဖြစ်ကြောင်း၊ တပ်မတော်(ရေ)၏ ရည်မှန်းချက် အဆင့်တိုင်းကို အကောင်အထည်ဖော်ဆောင်နိုင်ရန် တိုက်စွမ်းရည်မြင့်မားသည့် စစ်ရေယာဉ်ကြီးများ လိုအပ်သကဲ့သို့ ယခုစစ်ရေယာဉ်ကြီးများကို ကိုင်တွယ်မောင်းနှင်နိုင်မည့် တိုက်စွမ်းရည်ပြည့်ဝသော ရေတပ်စစ်သည်တော်များ ဖြစ်စေရေး အမြဲတမ်းလေ့ကျင့်နေရန် လိုအပ်မည်ဖြစ်ကြောင်း။

တိုက်စွမ်းရည် ပြည့်ဝစေရန် အတွက် တိုက်ပွဲဝင်စစ်ရေယာဉ်များတွင် တာဝန်ထမ်းဆောင်မည့် စစ်သည်တော်များကိုလည်း အရည်အချင်းပြည့်ဝသည့် စစ်သည်တော်ကောင်းများဖြစ်အောင် ပြုစုပျိုးထောင် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ထိုသို့ လေ့ကျင့်သည့်အခါတွင် တစ်ဦးချင်း အရည်အချင်း တိုးတက်စေရန်အတွက် ပြည်တွင်းသင်တန်းများ၌ ထူးချွန်စွာ အောင်မြင်ကြသည့် အရာရှိ၊ စစ်သည်များကို ပြည်ပနိုင်ငံများသို့ စေလွှတ်တက်ရောက်စေလျက်ရှိရာ ရုရှား၊ တရုတ်၊ အိန္ဒိယစသည့်နိုင်ငံများအပါအဝင် နိုင်ငံအများအပြားသို့ အရာရှိ၊ စစ်သည်များ စေလွှတ်တက်ရောက်စေခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မှ စတင်ပြီး ပြည်တွင်း၌လည်း Mobile Training Team နည်းပြများအား ခေါ်ယူ သင်ကြားစေလျက်ရှိရာ အရာရှိ၊ စစ်သည် အများအပြားကို

**စာမျက်နှာ ၇ သို့** »»»





တပ်တော်ဝင် စစ်ရေယာဉ်များကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေယာဉ်(မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။

»»» **စာမျက်နှာ ၆ မှ**

လေ့ကျင့်သင်ကြား ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ရေတပ်သားများ လေ့ကျင့်ရေးဆိုင်ရာ တိုးတက် မြင့်မားစေရန်အတွက် လေ့ကျင့်ရေး သင်ထောက်ကူ Simulator နှင့် Trainer များ ဖြည့်ဆည်းပေးခြင်း၊ လေ့ကျင့်ရေးအထောက် အကူပြု အဆောက်အအုံများ တိုးချဲ့တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အဖွဲ့လိုက်စွမ်းရည် တိုးတက်စေရေးအတွက် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်းများ၊ Sea Shield လေ့ကျင့်ခန်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးတွဲကင်းလှည့်မှု လေ့ကျင့်ခန်းများ၊ ပြည်ပနိုင်ငံများနှင့် ရေကြောင်းလုံခြုံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ခန်းများကို နှစ်စဉ်ပုံမှန်ဆောင်ရွက်စေလျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်စေခြင်းဖြင့် နိုင်ငံတကာ ရေတပ်များနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေသကဲ့သို့ တပ်ဖွဲ့အချင်းချင်း အတွေ့အကြုံများ ဖလှယ်နိုင်ခြင်း၊ အပြန်အလှန် ယုံကြည်မှုရရှိစေနိုင်ခြင်း၊ ပင်လယ်ပြင် တာဝန်ထမ်းဆောင်နိုင်မှု အတွေ့အကြုံ၊ သမုဒ္ဒရာဖြတ်ကျော် မောင်းနှင်ရသည့် အတွေ့အကြုံများ ရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပတ်သက်ပြီး အမျိုးသား အရာရှိ၊ စစ်သည်များသာမက အမျိုးသမီးအရာရှိ၊ စစ်သည်များကိုပါ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အမျိုးသမီး အရာရှိ၊ စစ်သည်များကို စစ်ရေယာဉ်များတွင် တာဝန်ပေးအပ်ပြီး ပင်လယ်ပြင် စစ်ဆင်ရေးနှင့် လေ့ကျင့်ရေးများတွင်ပါ လက်ရှိတာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း။

## ကြိုးပမ်းသွားရန်လို

ယနေ့ တပ်တော်ဝင်ခဲ့သည့် Super Dvora အမြန်သွားကင်းလှည့်ရေယာဉ်များကို ပြည်ပမှ နည်းပညာလွှဲပြောင်းရယူခဲ့ပြီး တပ်မတော်(ရေ) အင်ဂျင်နီယာပညာရှင်များကိုယ်တိုင် နည်းပညာမြင့် တည်ဆောက်နိုင်ခဲ့သည့် ရေယာဉ်များဖြစ်ပြီး ရေမိုင် ၄၀ ကျော် မြန်နှုန်းမြင့်ခုတ်မောင်းနိုင်ကာ ရန်သူ့ရေတပ်ဖွဲ့ကို Swarming Tactics နှင့် ကြားဖြတ်တိုက်ခိုက်ရေး တာဝန်များကိုပါ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိသည့် ကမ်းရိုးတန်းရေပြင်တွင် မည်သည့် ကျူးကျော်မှုမျိုးကိုမဆို ကျွန်းကြိုကျွန်းကြားမှ စစ်နည်းဗျူဟာမြောက် မြန်နှုန်းမြင့်မောင်းနှင်ပြီး တားဆီးချေမှုန်းတိုက်ခိုက်နိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ **Super Dvora တည်ဆောက်ခဲ့သည့် အတွေ့အကြုံများစွာရှိပြီးဖြစ်သဖြင့် ယခုထက် အရွယ်ပမာဏပိုမိုကြီးမားပြီး စွမ်းဆောင်ရည်မြင့်သည့် သင်္ဘောမျိုး တည်ဆောက်နိုင်ရန်အတွက် ကြိုးပမ်းသွားရန်လို**ကြောင်း။

မျက်မှောက်ခေတ်ကြုံတွေ့နေရသည့်စစ်ဆင်ရေး သဘောသဘာဝအရ တပ်မတော်(ရေ)အနေဖြင့် သမားရိုးကျ စစ်ဆင်ရေးများအတွက် ပင်လယ်ပြင်တိုက်ပွဲဝင်နိုင်ရေး(Open Sea Battle)ကို ပြင်ဆင်နေရသကဲ့သို့ လက်ရှိလုံခြုံရေး အခြေအနေများအရ မြစ်တွင်း စစ်ဆင်ရေးကိုလည်း အထူးအလေးထား ဆောင်ရွက်လာရကြောင်း၊ ယခုတပ်တော်ဝင်သည့် ၂၃ မီတာ တပ်ဖွဲ့တင် ကမ်းထိုးရေယာဉ်များကို မြန်မာ့ရေမြေလိုအပ်ချက်အတိုင်း ဆန်းသစ်တီထွင်ကာ ပိုမိုတောင့်တင်းခိုင်မာသည့် Armor Plate များနှင့် တည်ဆောက်ထားခြင်း ဖြစ်ပြီး မြစ်တွင်းစစ်ဆင်ရေး၊ လုံခြုံရေးနှင့် တပ်ဖွဲ့တင် တိုက်ခိုက်ရေးတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ယခု စစ်ရေယာဉ်များပေါ်တွင် ခြေလျင်တပ်ဖွဲ့များ တင်ဆောင်ပြီး ရေကြောင်း ပစ်ကူပေးနိုင်ရန်နှင့် ကမ်းထိုးကမ်းတက် စစ်ဆင်ရေးများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး တည်ဆောက်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထို့အပြင် စစ်ရေယာဉ်(မုတ္တမ)ပေါ်သို့ တင်ဆောင်ကာ ဘက်စုံသုံးတပ်ဖွဲ့တင် ကမ်းထိုးရေယာဉ် တာဝန်များကိုပါ ထမ်းဆောင်သွားနိုင်မည် ဖြစ်ကြောင်း၊ ဧရာဝတီ၊ ချင်းတွင်းနှင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ ရှည်လျားလှသည့် မြစ်ကြီးများအတွင်း ရေကြောင်းလုံခြုံရေးများ၊ စစ်ဆင်ရေးများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရေတိမ်မြစ်တွင်းသွား စစ်ရေယာဉ်များကိုလည်း တည်ဆောက်သွားကြရမည် ဖြစ်ကြောင်း။

## တည်ဆောက်ပေးလျက်ရှိ

ဟန်ချက်ညီသည့် ရေတပ်တစ်ခု တည်ဆောက်ရာတွင် သီးသန့်စီးပွားရေးဇုန် ကာကွယ်နိုင်ရေး၊ ကမ်းရိုးတန်းရေပြင်နှင့် မြစ်တွင်း စစ်ဆင်ရေးများကိုပါ ဆင်နွှဲနိုင်ရေးအတွက် ဖရီးဂိတ် စစ်ရေယာဉ်ကြီးများ၊ ကော်ဗက် စစ်ရေယာဉ်များ အပါအဝင် အမြန်သွားကင်းလှည့်ရေယာဉ်၊ တပ်ဖွဲ့တင် ကမ်းထိုးရေယာဉ်၊ အုပ်ချုပ်ထောက်ပံ့ရေးရေယာဉ်များကိုပါ အချိုးအစားမျှတစွာ လိုက်လျောညီထွေရှိအောင် စနစ်တကျ တည်ဆောက်ပေးလျက်ရှိကြောင်း။

ပင်လယ်ပြင်သည် နိုင်ငံတော်၏ အနာဂတ်အကျိုးစီးပွားကို ပုံဖော်နေသည့်အတွက် ပင်လယ်ပြင်ကို ကာကွယ် စောင့်ရှောက်ရေး၌ တပ်မတော်(ရေ)၏အဓိကတာဝန်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် မြန်မာ့ပင်လယ်ပြင် ရေကြောင်းလုံခြုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ရေ)သည် ယခုအခါ (၇၅)နှစ်မြောက်စိန်ရတုသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ သမိုင်းကြောင်းတစ်လျှောက် တပ်မတော်(ရေ)၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်(ရေ)၏ ပဲ့ကိုင်ရှင်များ၊ လက်တွဲဆောင်ရွက်ခဲ့ကြသည့် စစ်သည်တော်များ၏ ကြိုးပမ်းတည်ဆောက်ခဲ့မှု အစဉ်အလာကောင်း များကြောင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် စွမ်းအားနှင့် စွမ်းရည်ပြည့်ဝသော ရေတပ်တစ်ခု အဖြစ်သို့ တက်လှမ်းနေပြီဖြစ်ကြောင်း။

ယနေ့အခါသမယတွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များအနေဖြင့် ရှိရင်းစွဲ သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ (၇၅)နှစ်မြောက် စိန်ရတု တပ်မတော်(ရေ)၌ ပါဝင်ထမ်းဆောင်ခွင့်ရရှိသူများအဖြစ် ဂုဏ်ယူဝင့်ကြွားစွာဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃) ရေတပ်ဆိပ်ခံတံတားမှ ဧရာဝတီရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ်(ရတနာပုံ)ဖြင့် ထွက်ခွာကြသည်။

ထိုသို့သွားရောက်စဉ် စစ်ရေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၅)နှစ်မြောက် တပ်မတော်(ရေ) စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုကိတ် လှီးခြင်းအားဆောင်ရွက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်တို့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က (၇၅)နှစ်မြောက် တပ်မတော်(ရေ) စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်များအား အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ (၇၅)နှစ်မြောက် တပ်မတော်(ရေ) စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးကာ အထိမ်းအမှတ်ပြခန်းများနှင့် ရေတပ်စခန်း ဌာနချုပ်အလိုက် ခင်းကျင်းပြသထားသည့် ပြခန်းများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာ အရောင်းဆိုင်များ၊ စာအုပ်အရောင်းဆိုင်နှင့် တပ်မတော်ထုတ် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တပ်မတော်(ရေ) စစ်တီးဝိုင်းတပ်ဖွဲ့၏ တီးမှုတ်ဖျော်ဖြေမှုများနှင့် ပဒေသာကပွဲများ၊ တိုင်းရင်းသားရိုးရာ တေးသီချင်းအကအလှ တို့ဖြင့် ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုမှုကို ကြည့်ရှုအားပေးပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ထုတ် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုစဉ်။

**"တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာလည်း အစိုးရဘက်က လူတွေနဲ့ မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကာကွယ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ် လုပ်တဲ့အခါမယ် တိုင်းပြည်လူထုနဲ့ယှဉ်၍ ကိုယ်ထိလက်ရောက် ပါဝင်ကူညီဖို့ သဘောတရား တစ်နေ့တခြား ပိုမိုထင်ရှားလာတယ်။"**

[ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇွန်လဆန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်]




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် သီလဝါဆိပ်ကမ်းရှိ ဆိပ်ကမ်းလုပ်ငန်းများ ဆန်၊ ဂျုံ၊ ဆီနှင့် ဆန်စက်လုပ်ငန်းများလည်ပတ်ရန် စပါးခွံလောင်စာဖြင့် လျှပ်စစ်ထုတ်လုပ်မှု ကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တာဝန်ရှိသူတို့နှင့်အတူ ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းရှိ Wilmar Myanmar ကုမ္ပဏီသို့ရောက်ရှိပြီး စပါးခွံလောင်စာဖြင့် လျှပ်စစ်ထုတ်လုပ်မှုမှ ဆိပ်ကမ်းလုပ်ငန်းများ၊ ဆန်စက်လုပ်ငန်း၊ စားသုံးဆီလုပ်ငန်းနှင့် ဂျုံလုပ်ငန်းများ လုပ်ကိုင်လည်ပတ်နေမှုတို့ကို ကြည့်ရှုလေ့လာသည်။

**လိုက်လံရှင်းလင်းပြသ**

ရှေးဦးစွာ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကို ကုမ္ပဏီ၏ General Manager Mr.Chen Pan က စပါးခွံလောင်စာဖြင့် လုပ်ငန်းလည်ပတ်မှုကိုလည်းကောင်း၊ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ကျေးက နိုင်ငံအတွင်းရှိ ကုမ္ပဏီ၏ ဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ကုမ္ပဏီဝင်းအတွင်းရှိ ဆိပ်ကမ်းလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဂျုံလုပ်ငန်းနှင့် စားသုံးဆီလုပ်ငန်းများ လည်ပတ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

**လုပ်ငန်းများဆောင်ရွက်**

Wilmar Myanmar ကုမ္ပဏီအနေဖြင့် သီလဝါဆိပ်ကမ်းတွင် ခေတ်မီဘက်စုံသုံး နိုင်ငံတကာဆိပ်ခံတံတားနှင့် မြေဖွံ့ဖြိုးရေးလုပ်ငန်းများကို BOT စာချုပ်ဖြင့် ဆောင်ရွက်ခြင်း၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းများ၊ ဂျုံနှင့်ဘေးထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ စားသုံးဆီနှင့် ဆက်စပ်



ထုတ်ကုန်လုပ်ငန်းများနှင့် ဆန်နှင့် ဆန်ဆက်စပ်ထုတ်ကုန်များကို ဆောင်ရွက်လျက်ရှိရာ ထိုလုပ်ငန်းများအတွက် စပါးခွံသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်၍ လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၄

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ပုလဲလမ်းရှိ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား အထွေထွေမန်နေဂျာ(CNG)က သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို CNG ဖြန့်ဖြူးဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ CNG အရောင်းဆိုင် ၄၆ ဆိုင်မှ CNG ယာဉ်စီးရေ ၂၈၃၀၁ စီးကို နေ့စဉ်သဘာဝဓာတ်ငွေ့ (၁၈-၁၉ ) သန်းကျော် ရောင်းချပေးနေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး မှာကြားပြီး CNG



ဌာနအတွင်းရှိ တစ်သျှူးငှက်ပျောများ စိုက်ပျိုးရန် လျာထားသော မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် CNG အိုးများစစ်ဆေးသည့် Retest Factory စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက CNG ယာဉ်များတွင် တပ်ဆင်အသုံးပြုသည့် CNG Cylinder အိုးများကို ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Retest ငါးနှစ်လျှင် တစ်ကြိမ်၊ သုံးနှစ်လျှင် တစ်ကြိမ်၊ နှစ်နှစ်ကျော်လျှင် တစ်ကြိမ် စစ်ဆေးပြီး သက်တမ်းပြည့်ပြီး CNG Cylinder အိုးများကို ဘေးအန္တရာယ်ကင်းရှင်းစေရန် အသစ်လဲဆောင်ရွက်ရေးအစီအစဉ်ကို တိကျစွာလိုက်နာဆောင်ရွက်သွားရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွာမ Mother CNG အရောင်းဆိုင် ဆိုင်အမှတ်(၀၃၂) သို့ ရောက်ရှိပြီး CNG ယာဉ်များ သဘာဝဓာတ်ငွေ့ဖြည့်တင်းနေမှု၊ ကွန်ပျူတာစနစ်ဖြင့် ဓာတ်ငွေ့ရောင်းချနေမှု၊ CNG စက်ပစ္စည်းများ ထိန်းသိမ်းမောင်းနှင်မှုနှင့် Daughter CNG အရောင်းဆိုင်များတွင် အသုံးပြုရန်အတွက် Jumbo Tube တွဲများ ဓာတ်ငွေ့ဖြည့်တင်းနေမှုများနှင့် CNG ဖြည့်တင်းနေသော ခရီးသည်တင် YBS ယာဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့/ဦးစီးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်



နေပြည်တော် ဒီဇင်ဘာ ၂၄

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ကြသည်။

**ဆောင်ရွက်**

စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ဝန်ထမ်းအင်အား ၁၅၀၀ နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းအင်အား ၁၀၀ စုစုပေါင်း ဝန်ထမ်းအင်အား ၁၆၀၀ တို့က ဆေးရုံကြီးဝင်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးရုံအဆောက်အအုံပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များ ရှင်းလင်းခြင်း၊ အဆောက်အအုံဘေးထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများအား အမြင်တင့်တယ်စေရေး၊ လေဝင်/လေထွက်ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**လှည့်လည်ကြည့်ရှု**

စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တပ်ဖွဲ့/ ဦးစီးဌာနများမှ အရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများကို ရေသန့်၊ ကော်ဖီနှင့် ဆီချက်ခေါက်ဆွဲတို့ဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထိုသို့ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခဲ့မှုကြောင့် ဆေးရုံကြီး အတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုနှင့် လေဝင်/လေထွက်ကောင်းမှု ရရှိခဲ့ပြီး သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့မှုအပေါ် ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ဝမ်းမြောက်စွာဖြင့် ကျေးဇူးတင်ရှိလျက်ရှိကြောင်း၊ ဆေးရုံတက်ရောက်လျက်ရှိသော လူနာများမှာ ကျန်းမာရေးဝန်ထမ်းများ၏ အနီးကပ်ပြုစုစောင့်ရှောက်မှုဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အားကစားသမားအိပ်ဆောင်နှင့် ပွဲကြည့်စင်များ တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၄

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ နိုင်ငံတကာအဆင့်မီ ရေကူးကန်၌ RC နှစ်ထပ်အမိုးပါပွဲကြည့်စင် တည်ဆောက်နေမှု၊ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်း၌ လေးထပ်အားကစားသမားအိပ်ဆောင် တည်ဆောက်နေမှုနှင့် RC 2 နှစ်ထပ် ပဒေသာအားကစားကွင်း ပွဲကြည့်စင်တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ နိုင်ငံတကာအဆင့်မီ ရေကူးကန်၌ ပြည်ထောင်စုဘတ်ဂျက် ငွေကျပ်သန်း ၅၇၁ ဒသမ ၉၆၈ သန်းဖြင့် RC နှစ်ထပ်အမိုးပါပွဲကြည့်စင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိ၍ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း အပြီးသတ်နိုင်ရေးအတွက် ဌာနဘက်မှ လုပ်ငန်းကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီဘက်မှလည်း Real Time Schedule အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလေးရေကူးကန်တည်ဆောက်မှု၊ ရေကူးကန်ပတ်လည်ရှိ မီးဆိုင်းများအခြေအနေနှင့် ရေသန့်စင်ရေးစက်ခန်း၊ ရေကူးကန်အဝင်ဂိတ်အဆင့်မြှင့်တင်မှုနှင့် အမျိုးသမီး၊ အမျိုးသား အဝတ်လဲခန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေကူးကန်ကို လက်ရှိအခြေအနေထက် အရည်အသွေးမကျစေရန်၊ အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ရေကူးခွင့်မပြုရန်တို့ကိုမှာကြားပြီး ဝန်ထမ်းသက်သာချောင်ချိရေးစားသောက်ဆိုင်ကို အဆင့်မြှင့်တင်ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်း အပျော်တမ်းရေကူးသည့်အဆင့်မှ ပြိုင်ပွဲဝင်စိတ်ဓာတ်ဖြစ်ပေါ်စေရေးအတွက် နှစ်လလျှင်တစ်ကြိမ် ရေကူးပြိုင်ပွဲများ ကျင်းပနိုင်ရေး စည်းရုံးဆောင်ရွက်ရန် ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်သို့ ရောက်ရှိပြီး မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးဝင်းနှင့်တွေ့ဆုံ၍ ၂၅ မီတာ ပွိုင့် 22 ပစ္စတို လေ့ကျင့်ရေးကွင်းနှင့် ၁၀ မီတာ Air Pistol ၌ ကစားသမားများ၏ လေ့ကျင့်နေမှုတို့ကိုကြည့်ရှုပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများအတွက် အားကစားအထောက်ကူပြုပစ္စည်းလိုအပ်ချက်များ တင်ပြဆွေးနွေးမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်းသို့ သွားရောက်ပြီး အားကစားကွင်းအတွင်းရှိ Synthetic ပြေးလမ်းများကို စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်မှာကြားကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက် ငွေကျပ်သန်း ၁၃၆၁ ဒသမ ၇၈၀ ဖြင့် တည်ဆောက်နေသည့် လေးထပ်အားကစားသမားအိပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများအား သတ်မှတ်ကာလအတိုင်း ထိုက်သင့်သော အရည်အသွေးဖြင့် တည်ဆောက်ပြီးစီးနိုင်ရေးအတွက် တတ်နိုင်သမျှအားစိုက်လုပ်ဆောင်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဘတ်ဂျက် ငွေကျပ်သန်း ၈၀၅ ဒသမ ၉၅၀ ဖြင့် တည်ဆောက်နေသည့် RC 2 နှစ်ထပ် ပဒေသာအားကစားကွင်း ပွဲကြည့်စင်တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အထူးတန်းပွဲကြည့်စင်ဝင်ပေါက်မှ ဘောလုံးကွင်းအတွင်းသို့ တိုက်ရိုက်ဝင်ရောက်နိုင်ရေးအတွက် ပြန်လည်ပြုပြင်ဆောက်လုပ်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မိုးနဲမြို့နယ်၌ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

မိုးနဲ ဒီဇင်ဘာ ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၆၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

မိုးနဲမြို့ဟော်ဝင်းရှေ့မှ မြို့နယ်ပြည်သူ့အားကစားကွင်းသို့ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးဆောင်၍ ကိုယ်လက်လှုပ်ရှားအားကစား ကာယလေ့ကျင့်ခန်းများ၊ Fitness Dance များကို ပျော်ရွှင်စွာစုပေါင်းလိုက်ပါပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✪

# ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ်နှင့် ဝန်ထမ်းများတွေ့ဆုံပွဲ ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂၄**

ပြည်သူကို ဥပဒေဝန်ဆောင်မှုပေးနိုင်ရေးနှင့် ဥပဒေနှင့်အညီ မှန်ကန်စွာ အလုပ်အကျွေးပြုနိုင်ရေး အတွက် ခရိုင်အသစ်များဖွဲ့စည်းပြီး လုပ်ငန်းများ အောင်မြင်ပြီးမြောက်စွာဆောင်ရွက်နိုင်ရန် ခရိုင်ရုံး အဆောက်အအုံများ အဆင်ပြေစေရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင်ဥပဒေရုံးသို့ လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် တောင်ကြီးခရိုင်ဥပဒေရုံးရှိ ဥပဒေအရာရှိ များ၊ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာန၏ လက်ရှိနှင့်မျှော်မှန်းလုပ်ဆောင်ချက်များ၊ ဥပဒေနှင့်အညီ ဥပဒေအကြံဉာဏ်များပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ လာဘ်ပေးလာဘ်ယူကိစ္စများကင်းရှင်းရေး၊ ရုံးစာများ၊ Zoom အစည်းအဝေးများ လုံခြုံစွာဆောင်ရွက်ရေး၊ အွန်လိုင်းဆိုင်ရာ ကိစ္စများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို လမ်းညွှန်မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ရှမ်းပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ရှမ်းပြည်နယ် ဥပဒေအရာရှိ ဦးအေးလွင်၊ ကလောခရိုင်နှင့် တောင်ကြီးခရိုင်အတွင်းရှိ ဥပဒေအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**




# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့တို့သည် ပုသိမ်မြို့ စက်မှုစီမံကိန်းရှိ စက်မှုဆိပ်ကမ်းသို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက ယခုအချိန်ကာလတွင် မီးသုံးစွဲသူပြည်သူများအား ရရှိသည့်လျှပ်စစ်ဓာတ်အားကို မျှတစွာ သုံးစွဲရရှိရေး ခွဲဝေစီမံဆောင်ရွက်နေသကဲ့သို့ စက်မှုဇုန်များကိုလည်း သတ်မှတ်ချိန်များအတိုင်း မျှတစွာ သုံးစွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်နှင့်အညီ အဆောက်အအုံများ၏ ခေါင်မိုးများပေါ်တွင်လည်းကောင်း၊ မြေပေါ်တွင် လည်းကောင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းခွင်များ အသုံးမပြုသည့်အချိန်တွင် ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို ဝန်ကြီးဌာနမှ ဝယ်ယူနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နည်းပညာအရ လိုအပ်ချက်များရှိပါကလည်း ဝန်ကြီးဌာနအနေဖြင့် ဝိုင်းဝန်းကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့နယ် ညောင်ချောင်းလေးကျေးရွာအနီးရှိ SSBE Myanmar Group Co.,Ltd. ၏ စပါးခွံနှင့် အခြားသီးနှံစွန့်ပစ်ပစ္စည်းများဖြင့် လောင်စာတောင့်ထုတ်လုပ်မည့် တည်ဆောက်နေသော စီမံကိန်းသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက စပါးခွံနှင့် အခြားသီးနှံစွန့်ပစ်ပစ္စည်းများကို အသုံးပြုပြီး လောင်စာတောင့်ထုတ်လုပ်သော စီမံကိန်းတွင် စီမံကိန်း၏ရည်မှန်းချက် ဖြစ်သော လျှပ်စစ်ဓာတ်အား ၅ မဂ္ဂါဝပ်ထွက်အောင် ဆောင်ရွက်မည်ကို သိရှိရသဖြင့် မိမိတို့အနေဖြင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စက်ရုံမှ လူမှုရေးတာဝန်သိမှုလုပ်ငန်းအနေဖြင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ကျောင်း၊ ဆေးပေးခန်း၊ လမ်းများ တည်ဆောက်ပေးသည်ကိုသိရ၍အထူးကျေးဇူးတင်ရှိကြောင်း၊ အလားတူ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်မီးရရှိရေး အဓိကကျသဖြင့် ပတ်ဝန်းကျင်ရှိ ကျေးရွာခုနစ်ရွာကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ နောင်တွင် ပိုလျှံလာပါက ဓာတ်အားစနစ်သို့လည်း ချိတ်ဆက်၍ ရောင်းချနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး စီမံကိန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့နယ်ရှိ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းလီမိတက်၏ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း စက်များတပ်ဆင်ထားသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံစာရေးဆရာအသင်း တောင်ဥက္ကလာပမြို့နယ်၏ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံ စာရေးဆရာအသင်း တောင်ဥက္ကလာပမြို့နယ် (၂၅) ကြိမ်မြောက် ငွေရတုသဘင် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီရှိ မဟာမုနိဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း တောင်ဥက္ကလာပမြို့နယ် အသင်းဥက္ကဋ္ဌ ဦးမြကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က မုဒိတာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ တောင်ဥက္ကလာပမြို့နယ်အသင်းဥက္ကဋ္ဌ ဦးမြကျော်နှင့် တက်ရောက်လာကြသူများက ကန်တော့ခံသက်ကြီး ဆရာကြီး ဆရာမကြီးများအား ကန်တော့ချီးဖြင့် ရှုတ်ဆိုကန်တော့ကြပြီး ကန်တော့ခံပစ္စည်း ငွေသားနှင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဆရာကြီး ဆရာမကြီးများကိုယ်စား ပူဇော်ကန်တော့ခံ သက်ကြီးစာပေပညာရှင်တစ်ဦးက ဆုပေးသြဝါဒစကား ပြောကြားသည်။

**ချီးမြှင့်ပေးအပ်**

ယင်းနောက် မြန်မာနိုင်ငံ စာရေးဆရာအသင်း တောင်ဥက္ကလာပမြို့နယ်အသင်းက ၂၀၂၁ ခုနှစ် အမျိုးသားစာပေဆုရ ဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့အား ထပ်ဆင့်ဂုဏ်ပြု ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုလွှာနှင့် ငွေသားဆု ချီးမြှင့်ပေးအပ်သည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း တောင်ဥက္ကလာပမြို့နယ်၏ သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ကျင်းပခဲ့ရာ ယခုနှစ် ၂၀၂၂ ခုနှစ်သည် (၂၅)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ယနေ့ သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် သက်ကြီးပညာရှင် ၃၅ ဦး တက်ရောက် ပူဇော်ကန်တော့ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သထုံမြို့နယ်၌ ဆောင်းနေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်

**သထုံ ဒီဇင်ဘာ ၂၄**

မွန်ပြည်နယ် သထုံမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်းဆီထွက်သီးနှံနေကြာ တိုးမြှင့်စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းနှင့် စိုက်နည်းစနစ်မှန်ကန်ရေး တောင်သူပညာပေးကွင်းသရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းက မြေနီကုန်းကျေးရွာ ကွင်းအမှတ်(၆၄၆)၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြေနီကုန်းကျေးရွာရှိ ဆောင်းသီးနှံစိုက်တောင်သူ ကိုးဦးအတွက် ရေဆင်း(၁)စပ်မျိုးနေကြာမျိုးစေ့များနှင့် ရွက်ဖျန်းမြေဩဇာမှုန့်တို့ကို ထောက်ပံ့ပေးအပ်ကာ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ တောင်သူများအား စိုက်နည်းစနစ်မှန်ကန်ရေး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းအား ကွင်းသရုပ်ပြသခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ပြည်နယ်စီးပွားဖွံ့ဖြိုးစေရန် အထောက်အကူပြုလျက်ရှိသည့် တံတားကွန်ရက်များ

ဗညားဦး

ပြည်နယ်အတွင်းရှိ ပြည်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပထဝီအနေအထား၊ သဘာဝအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုကို လျှော့ချရန်၊ ကုန်စည်နှင့် ဝန်ဆောင်မှု လျင်မြန်သွက်လက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

သို့အတွက် တံတားဦးစီးဌာနသည် သဘာဝအရ တည်ရှိနေသည့် မြစ်များ၊ ချောင်းများကြောင့် ပြည်သူအများ ဆက်သွယ်သွားလာရေး အဟန့်အတားမရှိစေရန် မြစ်ကူး၊ ချောင်းကူးတံတားများကို တည်ဆောက်ပေးလျက်ရှိသည်။

“ပြည်နယ်အတွင်းမှာ လမ်းတွေ၊ တံတားတွေက သိသိသာသာကို ကောင်းမွန်လာတယ်။ ကျွန်မတို့ ပြည်နယ်ဖွံ့ဖြိုးဖို့က လမ်းတွေ၊ တံတားတွေကောင်းဖို့က အခြေခံဖြစ်တဲ့အတွက် ဒီလို တိုးတက်ကောင်းမွန်လာတဲ့အပေါ်မှာ ဒေသခံတစ်ဦးအနေနဲ့ ဝမ်းသာမိပါတယ်။ လမ်းကောင်းတော့ ကုန်စည်စီးဆင်းမှုလည်း ပိုမြန်လာသလို ဒေသပညာရေး၊ ကျန်းမာရေးအားလုံးလည်း ပိုတိုးတက်လာတယ်။ ကျွန်မတို့ ပြည်နယ်ကို ဒီထက်လည်း ပိုပြီးတိုးတက်စေချင်တယ်” ဟု မြစ်ကြီးနားမြို့မှ ဒေါ်ကေမေရီက ပြောသည်။

နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့ကောင်းမွန်ခြင်းသည် ပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရန် အခြေခံဖြစ်သည့်အတွက် ပြည်နယ်အတွင်း လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းများနှင့်အတူ တံတားများအားလုံး တစ်ပြေးညီ တိုးတက်ကောင်းမွန်ရေးကို တံတားဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

“နိုင်ငံအတွင်းက လမ်းကွန်ရက်တွေ အဆင့်မြှင့်တင်မှုနဲ့အညီ တံတားတွေအားလုံး အနည်းဆုံး ၂၄ ပေ အကျယ် နှစ်လမ်းသွား RC တံတား၊ PC တံတား၊ သံပေါင်တံတားအဆင့် ရောက်စေဖို့ တံတားဦးစီးဌာနအနေနဲ့ ရည်မှန်းဆောင်ရွက်နေတယ်။ ဒီလိုပဲ ပြည်နယ်အတွင်းမှာလည်း ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့ လမ်းကွန်ရက်နဲ့အတူ တံတားကွန်ရက်ကို တစ်ပြေးညီ တိုးတက်ကောင်းမွန်ပြီး ပြည်သူတွေ ပိုမိုအဆင်ပြေလွယ်ကူစွာ သွားနိုင်ဖို့ ကြိုးပမ်းဖော်ဆောင်နေပါတယ်”ဟု ကချင်ပြည်နယ် အခြေစိုက် တံတားအထူးအဖွဲ့(၁)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနီလှက ပြောသည်။

တံတားဦးစီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း တံတားဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးသည့် တံတား ၄၄ စင်း၊ ဆောင်ရွက်ဆဲ တံတား လေးစင်း၊ အဆင့်မြှင့်လျက်ရှိသည့် တံတား တစ်စင်း စုစုပေါင်း တံတား ၄၉ စင်းရှိကြောင်း တံတားအထူးအဖွဲ့(၁) မှ သိရသည်။



မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ၄/၁၄၉ တံတား (ပေ ၁၂၀) ကို တွေ့ရစဉ်။

ထိုကဲ့သို့ တံတားများ တည်ဆောက်ရာတွင် Quality Management System ဖြင့် အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ကာ ထိုစံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်နေကြောင်း တံတားဦးစီးဌာနမှ သိရသည်။

“မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းပေါ်မှာ တံတား ၁၄ စင်းရှိပါတယ်။ ဒီထဲက နှစ်စင်းကတော့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးစီးတဲ့ တံတားတွေကတော့ လုံးစွပ်၊ မူလာရှီးဒီ၊ တန်ဂျာ (၁)၊ တန်ဂျာ(၂)၊ ဆွမ်ပီယန်၊ ဖုန်ချန်၊ ဖုန်အင်၊ ဆီနင်ခ၊ ဒရုခ၊ တီယာန်စွပ်၊ အင်စွပ်နဲ့ ဖုန်အင်ခ ဆိုတဲ့ တံတား ၁၂ စင်းကို တည်ဆောက်ပြီးဖြစ်ပါတယ်။ ဆောင်ရွက်ဆဲ တံတားနှစ်စင်းကတော့ အိခတံတားနဲ့ ခင်ဒူယန်တံတားတို့ ဖြစ်ပါတယ်”ဟု တံတားအထူးအဖွဲ့ (၁) မှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနီလှက ပြောသည်။

နမ္မတီး- တနိုင်း- ပန်ဆောင်လမ်းပေါ်တွင် တံတားဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် တံတား ၁၁ စင်းရှိပြီး ၁၀ စင်းမှာ လုပ်ငန်းပြီးစီးပြီဖြစ်၍ တဆိတ်တံတားတစ်စင်းသာ အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

နမ္မတီး- တနိုင်း- ပန်ဆောင်လမ်းပေါ်တွင် တံတားဦးစီးဌာနက တည်ဆောက်ပြီးစီးသည့် တံတားများမှာ တရုံ၊ တဝမ်၊ တနိုင်း၊ မကွေ့ဘောင်၊ ခေါင်လောရန်၊ ရှဒူဇွပ်၊ ဝါရာစွပ်၊ ဒွန်ဘန်၊ ဒွန်ဘုံးခနှင့် လွယ်လီယန်တံတားတို့ဖြစ်သည်။

“ရွှေဘို-မြစ်ကြီးနားလမ်းပေါ်က တံတား ရှစ်စင်းလုံးကတော့ ပြီးစီးပြီဖြစ်ပါတယ်။ ပြီးတော့ မချမ်းဘော့-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ တံတား သုံးစင်းလည်း ပြီးစီးပြီဖြစ်ပါတယ်။ ဒီလိုပဲ မချမ်းဘော့မြို့တွင်းလမ်းမှာရှိတဲ့ မချမ်းဘော့ တံတားကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မငွေဇ-ခေါင်လန်ဖူးလမ်းပေါ်က တံတား နှစ်စင်းမှာ တစ်စင်းကတော့ ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ ဆောင်ရွက်ဆဲတံတားကတော့ ရီဒမ်းတံတား ဖြစ်ပါ

> **နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့ကောင်းမွန်ခြင်းသည် ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် အခြေခံဖြစ်သည့်အတွက် ပြည်နယ်အတွင်း လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းများနှင့်အတူ တံတားများအားလုံး တစ်ပြေးညီ တိုးတက်ကောင်းမွန်ရေးကို တံတားဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိ**

တယ်”ဟု တံတားအထူးအဖွဲ့(၁) ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

မန္တလေး- လားရှိုး- ဗန်းမော်- မြစ်ကြီးနားလမ်းပေါ်တွင် တံတားဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် တံတား ၁၀ စင်းရှိပြီး ယင်းတံတားများမှာ ဗလမင်းထင်၊ နန့်မြစ်ခ၊ ဒဘတ်ယန်၊ မလိယန်၊ နန်ဆန်ယန်၊ မိုးလဲချောင်း၊ တာပိန်၊ ငါးမိုင်တံတားနှင့် မံရွတ်တံတားတို့ဖြစ်သည်။

မန္တလေး- လားရှိုး- ဗန်းမော်- မြစ်ကြီးနားလမ်းပေါ်က ဗလမင်းထင်တံတား အမှတ် (၂) တံတား တည်ဆောက်ရေးကတော့ ဆောင်ရွက်ဆဲ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒီတံတားဟာ တည်ဆောက်ပြီးစီးပြီဖြစ်တဲ့ ဗလမင်းထင်တံတား ဘေးမှာကပ်လျက်တည်ဆောက်တဲ့ ဧရာဝတီမြစ်ကူးတံတားဖြစ်ပြီးတော့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့ တံတားတစ်စင်းဖြစ်ပါတယ်”ဟု ဒုတိယညွှန်ကြားရေးမှူး ဦးစောဇာနီလှက ဆိုသည်။

တည်ဆောက်ဆဲ ဗလမင်းထင်တံတား အမှတ်(၂)သည် ယာဉ်တစ်စီးချင်း ၇၅ တန် ခံနိုင်ဝန်ရှိသည့် သံမဏိသံပေါင် တံတားအမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၇ ပေ ၁၀ လက်မ (၈ ဒသမ ၅ မီတာ)၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၄ လက်(၁ မီတာ)၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၅၀၊ ရေလမ်းကင်းလွတ်အမြင့် ၂၆ ပေ ၃ လက်မ (၈ မီတာ) ပါရှိမည်ဖြစ်သည်။

တံတားများကို ပုံမှန်စစ်ဆေးခြင်း၊ အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် အရေးပေါ်စစ်ဆေးခြင်းတို့ကို သတ်မှတ်အချိန်ကာလနှင့်အညီ တံတားဦးစီးဌာန ထိန်းသိမ်းရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တံတားဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်များကျရောက်၍ တံတားများပျက်စီးမှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ လတ်တလောဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်လုပ်ငန်းစဉ်များနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် တံတားဦးစီးဌာနက တည်ဆောက်ပြီးစီးသည့် တံတားများသည် ပြည်နယ်စီးပွား၊ နိုင်ငံ့စီးပွား တိုးတက်ရေးကို အထောက်အကူပြုနိုင်ခဲ့သည်။ ထို့အတူ ပြည်နယ်အတွင်း တည်ဆောက်ဆဲတံတားများ ပြီးစီးပါကလည်း ဒေသတွင်း လူမှုစီးပွား တိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့်အပြင် ဒေသခံပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။



မချမ်းဘော့-ဖရူခ-ရပ်ဘော့-နောင်မွန်လမ်းပေါ်ရှိ တာခတံတား (ပေ ၂၀၀) ကို တွေ့ရစဉ်။



မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ မလိယန်တံတား (ပေ ၃၂၀) ကို တွေ့ရစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဒေါ်ယျကျော်ထင် မိုးအောင်နှင့်ဇနီး ဒေါ်အေးခိုင်ညွန့်၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်နှင့်ဇနီး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့် ဇနီးများ၊ သန်လျင်တပ်နယ်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အစီအစဉ်အတိုင်းကျင်းပ**

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေးပြတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားကာ စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အရာရှိကြီးများသည် အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ၎င်းတို့၏ဇနီးများနှင့်အတူ ရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိ သမိုင်းဝင်စစ်ရေယာဉ်(မေယု)ရှေ့၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့အတူ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို သန်လျင်တပ်နယ် မဟာနာဝါနီကဇယမင်္ဂလာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ပထမကျော် သ-စ-အ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ(သန်လျင်မြို့) မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော်နှင့် သန်လျင်မြို့ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တတေဇ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး ဒေါ်အေးခိုင်ညွန့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ရေတပ်စခန်းဌာနချုပ်မှူးများနှင့်ဇနီးများ၊ သန်လျင်တပ်နယ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

အစီအစဉ်အရ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သန်လျင်မြို့ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက ကျိုက်ခေါက်စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တတေဇထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များအား နာယူကြသည်။ ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် ပထမကျော် သ-စ-အ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ (သန်လျင်မြို့)မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တန့်ယန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**တန့်ယန်း ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ဖြင့် ဆောင်ရွက်သည့်လုပ်ငန်း ၃၃ ခုအနက် လုပ်ငန်း ၂၅ ခု ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကြီးကြပ်ကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသည့် ကျေးရွာတွင်းနှင့် ကျေးရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း၊ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများအနက်မှ ကျေးရွာတွင်းနှင့် ကျေးရွာအဝင်လမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ၂၀၊ ကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းငါးခုတို့မှာ ပြီးစီးသွားပြီဖြစ်၍ လုပ်ငန်းတည်ရှိရာ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာကော်မတီများထံ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။ ကျန်ရှိနေသေးသည့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ရှစ်ခုကိုလည်း အမြန်ဆုံးပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**



# မွန်ပြည်နယ်၌ ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲ ပြည်နယ်ဝန်ကြီးချုပ် ပါဝင်ဆင်နွှဲ

**မော်လမြိုင် ဒီဇင်ဘာ ၂၄**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထုကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ မွန်ပြည်နယ်တွင် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၁၃၀၀ ကျော်တို့က စုရပ်ဖြစ်သည့် မော်လမြိုင်မြို့ မောရဝတီပန်းခြံမှစတင်၍ ဇဟိုလမ်းမကြီးတစ်လျှောက်၊ သိပ္ပံလမ်းနှင့်ကမ်းနားလမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်ပွဲ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်သူများသည် ကမ်းနားလမ်း ရေပေါ်အားကစားကွင်း၌ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယသိပ္ပံလေ့ကျင့်ရေးကျောင်း(မော်လမြိုင်)တို့မှ အားကစားနည်းပြများက ဦးဆောင်သရုပ်ပြသပေးကြသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း လုပ်ဆောင်မှုများနှင့် ကျန်းမာရေးအထောက်ကူပြု (Myanmar Fitness Dance) စုပေါင်းကိုယ်လက်လှုပ်ရှားမှုများကို ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မွန်ပြည်နယ်အတွင်း ခရီးသွားပြည်သူများ လွယ်ကူလျင်မြန်စွာ သွားလာဆောင်ရွက်နိုင်ရန်အတွက် လေယာဉ်ခရီးစဉ်ပြေးဆွဲမှုအနေဖြင့် ရန်ကုန်-ကော့သောင်း-မော်လမြိုင်-ရန်ကုန်ခရီးစဉ်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် သီးသန့်ခရီးစဉ်များကို အပတ်စဉ် (တနင်္လာနေ့နှင့် သောကြာနေ့)များတွင် ပုံမှန်ပြေးဆွဲဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိခဲ့ကြပြီးလေဆိပ်ပရိဝုဏ်သန့်ရှင်းသာယာလှပရေးနှင့် လေယာဉ်ပြေးလမ်းတစ်လျှောက် အန္တရာယ်ကင်းရှင်းစေရေးအတွက် ခြုံနွယ်မြက်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မီးတားလမ်းဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မင်္ဂလာတောင်ညွန့် မြို့နယ် ရန်ကုန်ဘူတာကြီး စုရပ်တွင် စုစည်း၍ ဒီဇင်ဘာလလူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၅ နာရီခွဲက ကျင်းပရာ အောင်ဆန်း အားကစားကွင်း အတွင်း နှစ်ပတ်လမ်းလျှောက်ပြီး ကိုယ်လက်လှုပ်ရှားသွေးပူလေ့ကျင့်ခန်း ပြုလုပ်ခဲ့ကြောင်း၊ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ပြီးစီးခဲ့ပြီး လူထုလမ်းလျှောက်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာနှင့်



ရပ်ကွက်နေ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၄၀၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

ကျန်းမာဖို့အရေး လမ်းလျှောက်ပေး

# သီရိလင်္ကာနိုင်ငံသို့ ယခုနှစ်ဒီဇင်ဘာလ၏ ပထမ ရက် ၂၀ အတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၅၀၀၀၀ ကျော် ဝင်ရောက်ခဲ့

**ကိုလံဘို ဒီဇင်ဘာ ၂၄**

သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ဒီဇင်ဘာလ၏ ပထမ ရက် ၂၀ ကာလအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် စုစုပေါင်း ၅၀၀၀၀ ကျော်ဝင်ရောက်ခဲ့ကြောင်းနှင့် ပြီးခဲ့သည့်လအလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာတိုးတက်မှုရှိခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ဒီဇင်ဘာလအတွင်း သီရိလင်္ကာနိုင်ငံသို့ နေ့စဉ်နိုင်ငံတကာခရီးသွားဝင်ရောက်မှုသည် ၂၅၀၀ ကျော်ရှိပြီး ယခုနှစ် ပထမ ၁၁ လအတွင်း နေ့စဉ်နိုင်ငံတကာခရီးသွားဝင်ရောက်မှုသည် ၁၉၀၀ ဝန်းကျင်ရှိကြောင်း သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့၏ အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံသို့ ယခုနှစ်နှစ်စပိုင်းမှစတင်ကာ ဒီဇင်ဘာ ၂၀ ရက်အထိ ကာလအတွင်း နိုင်ငံတကာခရီးသွားဧည့်သည်ဝင်ရောက်မှု စုစုပေါင်း ၆၈၇၃၉၂ ဦးရှိကြောင်းလည်း သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေအများဆုံး ရရှိသည့် လုပ်ငန်းများအနက်မှ တစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါ၊ စီးပွားရေးနှင့် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ပိုမိုဆိုးရွားသည့်အနေအထားသို့ ရောက်ရှိခဲ့ကြောင်းလည်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁ ဒသမ ၅ သန်းခန့် ဝင်ရောက်ရန်နှင့် ၂၀၂၄ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည် သုံးသန်းအထိ ဝင်ရောက်ရန် မျှော်လင့်လျက်ရှိကြောင်း သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် မြေယာဝန်ကြီး ဟာရင်ဖာနန်ဒိုက ယခုလအစောပိုင်းတွင် ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ဂျပန်နိုင်ငံ နီဂါတာစီရင်စု၌ ဆီးနှင်းများကျဆင်းမှုကြောင့် လျှပ်စစ်မီးများ ပြတ်တောက်မှုနှင့် ရင်ဆိုင်နေရ

**တိုကျို ဒီဇင်ဘာ ၂၄**

ဂျပန်နိုင်ငံ နီဂါတာစီရင်စုရှိ အိမ်ထောင်စု ၆၈၀၀ ခန့်သည် လေပြင်းတိုက်ခတ်ပြီး ဆီးနှင်းများ ထူထပ်စွာ ကျဆင်းမှုကြောင့် သစ်ပင်များလဲကျပြီး လျှပ်စစ်မီး ပြတ်တောက်မှုများနှင့်ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။



အဆိုပါစီရင်စုအတွင်းရှိ မူရာကာမီမြို့၏ အိမ်ထောင်စု ၃၆၀၀ ခန့်နှင့် ဆာဒိုမြို့၌ အိမ်ထောင်စု ၂၃၀၀ ခန့်လည်း လျှပ်စစ်မီးများ ပြတ်တောက်မှုများနှင့် ကြုံတွေ့နေရသည်။

ထို့ပြင် ဂျပန်နိုင်ငံမြောက်ဘက်စွန်းရှိ ဟော့ကိုင်းဒိုးစီရင်စုရှိ အိမ်ထောင်စု ၇၅၀၀ ကျော်သည် ယနေ့နံနက် ၁၀ နာရီအထိ လျှပ်စစ်မီး ပြန်လည်မရရှိသေးကြောင်း သိရသည်။

မွမ်ဘက်ဆုမြို့၌ နေရာ ၁၀ ခုတွင် အပူပေးအကာများ ထားရှိပေးထားသည့်အတွက် ဒေသခံအများစုမှာ အအေးဒဏ်ကို ခံနိုင်ရည်ရှိကြောင်း သိရသည်။

အသက် ၅၀ အရွယ် အမျိုးသမီးကြီးတစ်ဦးက ၎င်း၏ နေအိမ်၌ လျှပ်စစ်မီးပြတ်တောက်နေချိန်တွင် ယင်းကဲ့သို့အပူပေးအကာများ တပ်ဆင်ဆောင်ရွက်ပေးထားသည့်အတွက် အလွန်ပင် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ဓာတ်အားလိုင်းများ ပံ့ပိုးပေးသည့် သံမဏိမျှော်စင် ပြိုကျခဲ့ခြင်းကြောင့် မည်သည့်အချိန်တွင် ဓာတ်အားပြန်လည်ရရှိမည်ကို အတိအကျမပြောနိုင်သေးကြောင်း Hokkaido Electric Power Network မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဟော့ကိုင်းဒိုးစီရင်စုအစိုးရသည် မွမ်ဘက်ဆုမြို့အား ထောက်ပံ့မှုပေးရန် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ရန် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အား တောင်းဆိုထားသည်။

ဆီးနှင်းများနှင့် လေပြင်းတိုက်ခတ်မှုများသည် လေကြောင်းသွားလာမှုကို အနှောင့်အယှက်ဖြစ်စေသည်။

ယနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီအထိ ဂျပန်လေကြောင်းလိုင်းသည် နီဂါတာ၊ ကိုမာဆုနှင့် အခြားလေဆိပ်များသို့လေကြောင်းခရီးစဉ် ၁၄ ခုကို ဖျက်သိမ်းခဲ့ရသည်။ ထို့ပြင် နီပွန်လေကြောင်းလိုင်းက နယူးချီတိုဆီ၊ ရှုနီနှင့် အခြားလေဆိပ်များသို့လေကြောင်းခရီးစဉ် ခြောက်ခုကို ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခံရနိုင်ဖွယ်ရှိသည့်အတွက် လေကြောင်းလိုင်းကုမ္ပဏီများသည် ၎င်းတို့၏ ဝက်ဘ်ဆိုက်များပေါ်ရှိ နောက်ဆုံးအချက်အလက်များကို စစ်ဆေးရန် ပြည်သူများအား တောင်းဆိုထားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်မြို့၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား၊ ၁၀ ဦး သေဆုံး

**ဂျိုဟန်နက်စ်ဘတ် ဒီဇင်ဘာ ၂၄**

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်မြို့ရှိ ဘွတ်စ်ဘာ့ဒေသ၌ ယနေ့နံနက်ပိုင်းတွင် ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ၁၀ ဦး သေဆုံးပြီး ၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဆိုသည်။

Ekurhuleni Emergency Management Services ၏ ပြောရေးဆိုခွင့်ရှိသူ William Ntladi က ယနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် ဘွတ်စ်ဘာ့ဒေသရှိ တံတားတစ်ခုအောက်တွင် ဂက်စ်ဆလင်ဒါများ တင်ဆောင်လာသည့် ထရပ်ကားတစ်စီး ပိတ်မိလျက်ရှိသည်ဟု သတင်းရရှိခဲ့ကြောင်း အာဏာပိုင်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါဂက်စ်ဆလင်ဒါများ တင်ဆောင်လာသည့် ထရပ်ကားပေါက်ကွဲခဲ့သည့်အတွက် အနီးဝန်းကျင်ရှိ လူ ၁၀ ဦးသေဆုံးပြီး ၅၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မီးသတ်သမားများက မီးငြိမ်းသတ်ရန် ကြိုးပမ်းလျက်ရှိစဉ် ဂက်စ်အိုးများ ထပ်မံပေါက်ကွဲပြီး မီးသတ်သမား ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းမတော်တဆမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း Ekurhuleni Emergency Management Services ၏ ပြောရေးဆိုခွင့်ရှိသူ William Ntladi က ပြောကြားခဲ့သည်။

ထရပ်ကား သယ်ဆောင်လာတဲ့ ဓာတ်ငွေ့အမျိုးအစားများကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါကြောင့် လူပေါင်း ၁၂၀၀၀ ကျော် သေဆုံး

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂၄**

အမေရိကန်နိုင်ငံ၌ တုပ်ကွေးရောဂါကြောင့် ယခုနှစ် တုပ်ကွေးရာသီကာလအတွင်း လူပေါင်း ၁၂၀၀၀ ကျော် သေဆုံးခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဒီဇင်ဘာ ၂၄ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၌ ယခုနှစ်တုပ်ကွေးရာသီအတွင်း အနည်းဆုံး လူပေါင်း ၁၈ သန်း တုပ်ကွေးရောဂါဖြစ်ပွားခဲ့ကြောင်းနှင့် တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၉၀၀၀၀ ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ရာသီတုပ်ကွေးရောဂါသည် လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၌ ဖြစ်ပွားမှုအမြင့်မားဆုံးသော ရောဂါအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အမေရိကန်နိုင်ငံ၌ ဒီဇင်ဘာ ၁၇ ရက်တွင် ကုန်ဆုံးခဲ့သည့် သီတင်းပတ်အတွင်း တုပ်ကွေးရောဂါကြောင့် လူပေါင်း ၂၀၇၀၀၀ ကျော် ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ပြင်သစ်နိုင်ငံ ပါရီမြို့လယ်ရှိ ကာ့ဒ်အဆောက်အအုံနေရာများ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦး သေဆုံး

**ပါရီ ဒီဇင်ဘာ ၂၄**

ပြင်သစ်နိုင်ငံ ပါရီမြို့လယ်ရှိ ကာ့ဒ်အဆောက်အအုံနေရာများ၌ သေနတ်သမားတစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ သုံးဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါသေနတ်ပစ်ခတ်မှုသည် Gare du Nord ရထားဘူတာရုံမှ တစ်ကီလိုမီတာအကွာရှိ ယဉ်ကျေးမှုစင်တာနှင့် စားသောက်ဆိုင်များ ရှိသည့် လူစည်ကားသောနေရာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းနေရာရှိ စားသောက်ဆိုင်အများစုကို ကာ့ဒ်လူမျိုးများက ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

သေနတ်ပစ်ခတ်ခဲ့သည့် တရားခံကို အခင်းဖြစ်ပွားသည့်နေရာတွင် ဖမ်းမိခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။

အဆိုပါ သေနတ်ပစ်ခတ်ခဲ့သည့် အသက် ၆၉ နှစ်အရွယ် ပြင်သစ်နိုင်ငံသားသည် ပါရီမြို့ရှိ ရွှေ့ပြောင်းအခြေချစခန်းတစ်ခုတွင် ပြည်သူများအား ဓားဖြင့်တိုက်ခိုက်ခဲ့ခြင်းကြောင့် လွန်ခဲ့သည့်နှစ်အတွင်းက ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်းနှင့် ၎င်းအား နောက်ပိုင်းတွင် ပြန်လည်



လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။

သေနတ်သမားသည် တစ်ဦးတည်းလှုပ်ရှားသူဖြစ်ပြီး နိုင်ငံခြားသားများကို အဓိက ပစ်မှတ်ထားကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး Gerald Darmanin က ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# နတ်မောက်မြို့နယ် ဒီးဒုတ်ခင်ကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဆရာမတစ်ဦးနှင့် ခင်ပွန်းဖြစ်သူတို့ကို ပစ်ခတ်သတ်ဖြတ်

နေပြည်တော် ဒီဇင်ဘာ ၂၄

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည်ဖြင့် နည်းလမ်းမျိုးစုံ





အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဒီးဒုတ်ခင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ဒီးဒုတ်ခင်)မှ အလယ်တန်းပြဆရာမတစ်ဦးနှင့် ခင်ပွန်းဖြစ်သူတို့နှစ်ဦးသည် နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့၍ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ဆရာမဖြစ်သူသည် ဖြစ်စဉ်နေရာ၌ပင် သေဆုံးခဲ့ပြီး ခင်ပွန်းဖြစ်သူသည် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် နတ်မောက်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ဘားအံ-ကော့ကရိတ်သွားလမ်းပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစားတံတားကို KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၄

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ဘားအံ-ကော့ကရိတ်သွားကားလမ်း မိုင်တိုင်အမှတ် (၁၁၁)နှင့် (၁၁၂)ကြား ငါးတိုင်ကျေးရွာ၏ အရှေ့ဘက် မီတာ ၁၅၀၀ ခန့်အကွာရှိ အရှည် ၄၆ ပေ၊ အကျယ် ၃၂ ပေ၊ အမြင့် ၁၂ ပေ ရှိ သံကူကွန်ကရစ်အမျိုးအစားတံတားကို ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ဘားအံမြို့မှ ကော့ကရိတ်မြို့သို့သွားသည့် ကားလမ်း၏ ညာဘက်ခြမ်းမှာ နှစ်ပေပတ်လည်ခန့် ပေါက်ထွက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားပျက်စီးမှုကို သက်ဆိုင်ရာက အမြန်ဆုံးပြန်လည်ပြင်ဆင်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ဆားလင်းကြီးမြို့နယ်နှင့် ရေဦးမြို့နယ်တို့ရှိ ဌာနဆိုင်ရာရုံးများအတွင်းဝင်ရောက်ကာ ဌာနပိုင်မော်တော်ယာဉ်များနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ ခြိမ်းခြောက်လုယက်ယူဆောင်

နေပြည်တော် ဒီဇင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများက ဆားလင်းကြီးမြို့နယ်နှင့် ရေဦးမြို့နယ်တို့ရှိ ဌာနဆိုင်ရာရုံးများအတွင်း ဝင်ရောက်ကာ ဌာနပိုင်မော်တော်ယာဉ်များနှင့် ရုံးအသုံးအဆောင်ပစ္စည်းများကို ခြိမ်းခြောက်လုယက်ယူဆောင်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဖယ်ရှားရှင်းလင်း**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၂ ရက် ည ၁၁ နာရီခွဲတွင် ဆားလင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ရုံးဝင်းအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လာပြီး ရုံးကားဂိုဒေါင်အတွင်း သိမ်းဆည်းထားသည့် ဌာနပိုင် New Holland 40HP အမျိုးအစား လယ်ထွန်စက်နှစ်စီး၊ ခုနစ်ပေရှိ Rotavator တစ်လက်၊ Toobox တစ်ခု၊ Air Compressor တစ်လုံး၊ ဒီဇယ်ဂါလန် ၃၀၀ တို့ကိုလည်းကောင်း၊ အမှတ်(၃)ရပ်ကွက်ရှိ မြို့နယ်သမဝါယမရုံးအတွင်း တံခါးများ ဖျက်ဆီးဝင်ရောက်ကာ ရုံးအတွင်းသိမ်းဆည်းထားသည့် CD-100 N အမျိုးအစား လက်တွန်းထွန်စက်တစ်စီး၊ RISO မိတ္တူကူးစက်တစ်လုံး၊ ရေမော်တာတစ်လုံး၊ ပန်ကာတစ်ခု၊ ဖိုင်ဘာခုံအလုံး ၁၀၀ ကိုလည်းကောင်း၊ အဆိုပါရုံးဝင်းအတွင်းရှိ "ရွှေပြည်လင်း" သမဝါယမအသင်း အရောင်းဆိုင်အတွင်းမှ Legal စက္ကူပုံးသုံးပုံး၊ A4 စက္ကူပုံး သုံးပုံးနှင့် ကျောင်းသုံးစာရေးကိရိယာမျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ် ငါးသိန်းခန့်တို့ကိုလည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၂၃ ရက် နံနက် ၆ နာရီ ၅ မိနစ်တွင် ရေဦးမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ မျိုးသန့်ခြံဝင်းအတွင်း၌ ခြံအလုပ်သမားများဖြစ်သည့် ဦးမျိုးလွင်(၄၇)နှစ်နှင့် ဦးမောင်ထွန်း(ခ)ဝင်းမင်းထွန်း(၂၅)နှစ်တို့နှစ်ဦး ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လာပြီး ၎င်းတို့နှစ်ဦးအား သေနတ်များဖြင့် ခြိမ်းခြောက်၍ မျိုးသန့်ခြံ၌ အသုံးပြုနေသည့် New Holland 50Hp အမျိုးအစား လယ်ထွန်စက်တစ်စီးနှင့် ဦးမျိုးလွင်၏ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လုယက်ယူဆောင်ကာ ထွက်ခွာသွားပြီး မျိုးသန့်ခြံဝင်ပေါက်၌ လက်လုပ်မိုင်းနှစ်လုံးကို ဆိုင်ကယ်ဘက်ထရီအိုးနှစ်လုံးဖြင့် ချိတ်ဆက်ထောင်ထားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး၍ ဖယ်ရှားရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဌာနဆိုင်ရာရုံးများမှ ဌာနပိုင်မော်တော်ယာဉ်များနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ လုယက်ယူဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မုန်တိုင်းသတင်းထုတ်ပြန်ချက်

(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ မြန်မာစံတော်ချိန်(၁၉:၀၀)နာရီအချိန်ထုတ်ပြန်ချက်)

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၆၃၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၇၃၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၁၆၀ ခန့်၊ အိန္ဒိယနိုင်ငံ နာဂါပတ္တနမ်မြို့၏ အရှေ့ဘက် ရေမိုင် ၂၁၅ မိုင်ခန့် နှင့် ချင်းနိုင်မြို့၏ အရှေ့တောင်ဘက်ရေမိုင် ၂၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၀ ဒသမ ၂ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၃ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

**နောက်(၃၆)နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် သီရိလင်္ကာနိုင်ငံ ကမ်းရိုးတန်းအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## အသိပေးနှိုးဆော်ချက်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၄-၁-၂၀၂၃ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များနှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ နိုင်ငံတကာနှစ်သစ်ကူးကာလတွင် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄ တွင် ဖော်ပြထားသော "အမရပူရမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းရာ တစ်ဧက (အစို) ၈၉ ဒသမ ၈၄ တင်းထွက်ရှိ" သတင်းပထမစာကြောင်းတွင် ပါရှိသည့် စိုက်ပျိုးရေးဦးစီးဌာန အစား လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဟု ပြောင်းလဲဖတ်ရှုပါရန်။

စိုးသီဟ(အမရ)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ ၊ ဘွဲ့ရယူကြမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။




အစီအစဉ်အရ ပါမောက္ခချုပ် ဒေါက်တာ မာမာဝင်းနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ဝင်ရောက်၍သတ်မှတ်နေရာများတွင် နေရာယူကြပြီး နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဘွဲ့နှင်းသဘင်ကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီးနောက် ပါမောက္ခချုပ်က ဘွဲ့ရသူများနှင့် လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုကာ ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် အနာဂတ်မျိုးဆက်သစ် မောင်မယ်များ၏ ပညာရည်မြင့်မားအောင် ဆောင်ရွက်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းရေးသည် အဓိကလိုအပ်လျက်ရှိကြောင်း၊ ယနေ့တွင် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် မွေးမြူဆေးကုပညာရှင်ကောင်းများ အားသစ်လောင်း မွေးဖွားပေးသည့်နေ့ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူရမည့် နေ့တစ်နေ့လည်းဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ရာတွင် **"စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်း"၊ "လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ခြင်း"နှင့် "လူသားများ ဖွံ့ဖြိုးတိုးတက်ခြင်း"** ဆိုသည့် ဖွံ့ဖြိုးတိုးတက်ခြင်းများပေါင်းဆုံမှသာလျှင် နိုင်ငံတော်သည် ဘက်စုံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ရာတွင် အခြေခံအားဖြင့် **"စက်မှုမြို့ပြတည်ဆောက်ခြင်း(Urban Industrialization) နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး (Rural Development)"** ဆိုပြီး ကဏ္ဍနှစ်ခုရှိကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်နေကြကြောင်း၊ မောင်တို့ မယ်တို့ အနေဖြင့် မွေးမြူရေးဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကူညီလုပ်ဆောင်ကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် စတင်တည်ထောင်ခဲ့သည့် ၁၉၅၇ ခုနှစ်မှစတင်၍ ယနေ့အထိ (၆၅)နှစ်တာကာလအတွင်း B.A.Sc ၁၆၉ ဦး၊ B.V.Sc ၅၆၇၂ ဦး၊ Dip L.I.S ၂၂၀ ၊ Dip L.P.A ၄၄၉ ဦး၊ MPhil ၂၁ ဦး၊ M.V.M ကိုးဦး၊ M.V.Sc ၃၃၀ ၊ Ph.D ၂၂ ဦး မွေးထုတ်ပေးခဲ့ပြီး အပြည်ပြည်ဆိုင်ရာ မွေးမြူဆေးကုတက္ကသိုလ်များနှင့် လိုက်လျောညီထွေဖြစ်စေခြင်းဖြင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာ ပြုလုပ်နိုင်စေရန်၊ အထူးပြုဘာသာရပ်အလိုက် နက်နဲကျယ်ပြန့်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ခြင်းဖြင့် လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ ပြန်လည်အသုံးချနိုင်၍ ပြည်တွင်းပြည်ပ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်တို့ကို ရည်ရွယ်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ တိရစ္ဆာန်ဆေးပညာသင်တန်း (Doctor of Veterinary Medicine (D.V.M) ခြောက်နှစ်သင်တန်းနှင့် မွေးမြူရေးပညာ သင်တန်း (Bachelor of Animal Science (B.A.Sc) လေးနှစ်သင်တန်းတို့ကို စတင်ဖွင့်လှစ်ခဲ့ကြောင်း ၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျောင်းများပိတ်ထားခဲ့ရသဖြင့် ၂၀၂၂ ခုနှစ် (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် D.V.M ဘွဲ့ရ ၄၆ဦးကို ပထမဆုံးအကြိမ်ဘွဲ့ပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ခရစ္စမတ်ပွဲတော် တိုင်းရင်းသားပေါင်းစုံ ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ခရစ္စမတ်ပွဲတော် ဝတ်ပြုကိုးကွယ်မှု ဆုတောင်းမှုများကို နှစ်စဉ် ဒီဇင်ဘာလတွင် ကျင်းပလေ့ရှိရာ ယနေ့ညပိုင်းတွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် ခရစ္စမတ်အကြို ရောင်စုံမီးများ ထွန်းညှိထားရှိမှုကို တွေ့မြင်ရမည်ဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ခရစ္စမတ်ပွဲတော်ကိုလည်း ယနေ့ ညပိုင်းက နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ ပန်းခြံအတွင်း၌ ကျင်းပရာ တိုင်းရင်းသားရုပ်သံလိုင်းများမှ ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသားများအပြင် ဌာနရှိဝန်ထမ်းများ စုပေါင်းပါဝင်ကာ ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ခရစ္စမတ်ပွဲတော်ကို ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းကောင်းချီးပေးခြင်းတို့ဖြင့် စတင်ဖွင့်လှစ်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ခရစ္စမတ်ဆုတောင်းစကားပြောကြားသည်။

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များ၊ ဇလာမပါ ကံစမ်းမဲဖောက်ခြင်း၊ ညှော်ခံကျွေးမွေးခြင်းနှင့် အမှတ်တရလက်ဆောင်ပေးခြင်းတို့ ကျင်းပခဲ့သည်။

**သတင်းစဉ်**

## ရွှေပြည်သာမြို့နယ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရွှေပြည်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် ယနေ့နံနက် ၅ နာရီကျော်က ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို အမှတ်(၄)လမ်းမကြီး သာစုကန်လမ်းစုရပ်၌ ကျင်းပရာ ရွှေပြည်သာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေ အားကစားလိုက်စားသူ ပြည်သူများ၊ စုစုပေါင်း အင်အား ၅၀၀ ကျော်က စုရပ်မှစတင်၍ အမှတ်(၄) လမ်းမကြီး သာစုကန်လမ်းတစ်လျှောက်မှ အမှတ်(၉) ရပ်ကွက် (၃)ထိပ် စုရပ်အထိ ပျော်ပျော်ပါးပါး စုပေါင်းလမ်းလျှောက်ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**




## ယင်းမာပင်၌ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် အားကစားပြိုင်ပွဲများ ကျင်းပ

**ယင်းမာပင် ဒီဇင်ဘာ ၂၄**

စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ယနေ့တွင် မြို့နယ်အဆင့် အားကစားပြိုင်ပွဲများ ကျင်းပပေးခဲ့ကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ပွဲများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပပေးခြင်းဖြစ်ပြီး မီတာ ၁၀၀၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများ ကျင်းပပေးရာ အားကစားဝါသနာရှင် ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

"ဒီနေ့မှာ ခရိုင်အဆင့်ကျင်းပပေးတဲ့ အားကစားပွဲတွေထဲက ပွဲကျန်ဖြစ်တဲ့ မီနီမာရသွန်ပြိုင်ပွဲနဲ့အတူ မြို့နယ်အဆင့် အားကစားပြိုင်ပွဲများ ကျင်းပပေးတာဖြစ်ပါတယ်၊ ဆုရရှိတဲ့ပြိုင်ပွဲဝင်တွေကို စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားမှာ ဆုများချီးမြှင့်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်က ပြောသည်။

အားကစားပြိုင်ပွဲများတွင် ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြသည့်ပြိုင်ပွဲဝင်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းမော်၊ အဖွဲ့ဝင်(၁ ) ဒုတိယဗိုလ်မှူးကြီးဝင်းခိုင်ထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမင်းသန့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၄၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၂၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၈၇,၃၅၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၆၀၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၈,၂၀၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၉)ဦးရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၉) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၇၅ | ၂၇၆၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၅ | ၁၉၄၆ |
| 95 Ron | ၁၉၅၇ | ၂၀၂၉ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၆၈ |
| HSD (50 ppm) | ၂၂၆၈ | ၂၃၄၃ |
| HSD (10 ppm) | ၂၂၆၈ | ၂၃၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

## ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ရန်ကုန်တွင်ဆင်နွှဲ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ဥက္ကဋ္ဌ) မြို့တော်ဝန် ဦးဗိုလ်ဋ္ဌေးနှင့် ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိများ၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)၊ ပညာရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ မြန်မာရေကြောင်းကောလိပ်တို့မှ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လမ်းလျှောက်ပွဲတက်ရောက်လာသူများသည် နံနက် ၆ နာရီက ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် စုရပ်ပြုလုပ်၍ အလုံလမ်းမှ ဦးဝိစာရအဝိုင်းကိုပတ်၍ ဦးဝိစာရလမ်းအတိုင်း ထိုမှရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ပြည်သူရင်ပြင်အရှေ့ဘက်ဝင်ပေါက်မှ စုပေါင်းလမ်းလျှောက်ကြပြီး ပြည်သူ့ရင်ပြင်အတွင်း၌ နေရာယူ၍ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






## ပဲခူးမြို့တွင် ဒီဇင်ဘာ (စတုတ္ထပတ်) လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၆၀၀ ကျော် ပါဝင်ဆင်နွှဲ

**ပဲခူး ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပဲခူးမြို့တွင် ကျင်းပသည့် ဒီဇင်ဘာ (စတုတ္ထပတ်) လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှေ့မှစတင်၍ ရွှေမော်ဓောဘုရားလမ်း၊ ရှင်စောပုလမ်း၊ တောင်ငူလမ်း၊ ဟံသာလမ်းနှင့် ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်းအထိ စုပေါင်း လမ်းလျှောက်ကြပြီး ဘောလုံးကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း အင်အား ၃၆၀၀ ကျော် တက်ရောက်ကြပြီး လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့က ကောက်ညှင်းပေါင်း၊ အကြော်၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ခံ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တောင်ကြီးမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂၄**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ဒီဇင်ဘာလ (စတုတ္ထအပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

**သွေးပူလေ့ကျင့်ခန်းပြုလုပ်**

ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တပျော်တပါး ပါဝင်လမ်းလျှောက်ခဲ့ကြပြီး ပြည်နယ်အားကစားကွင်းအတွင်း လေးပတ်လမ်းလျှောက်ကြ၍ ကိုယ်လက်ကြံ့ခိုင်ရေး သွေးပူလေ့ကျင့်ခန်းအတွဲ(၁)၊ အတွဲ(၂) ပြုလုပ်ကြပြီး အကြောဖြေ လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဒီဇင်ဘာလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ အထိမ်းအမှတ် တောင်ကြီးမြို့ပေါ်ရှိ ကျောင်းပေါင်းစုံ အေးရိုးဗစ်ပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## မုံရွာတွင် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်)လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်ခဲ့ကြသည်။

**စုစုပေါင်းအင်အား ၃၅၀၀ ကျော်**

တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် စုပေါင်းလမ်းလျှောက်ပွဲသို့တက်ရောက်လာသူများက စုရပ်နေရာဖြစ်သည့် ပြည်သူ့အားကစားကွင်းရှေ့ ဗိုလ်ချုပ်လမ်းမှစတင်၍ ကန်သာယာ ရာပြည့်ကပ်ကျော်စေတီတော်ကြီးအထိ ပြည်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်းအင်အား ၃၅၀၀ ကျော်ဖြင့် အသွားအပြန် တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့် စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများက မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ ၁၊ ၂ နှင့် Fitness Dance တို့ကို တပျော်တပါး စုပေါင်းပြုလုပ်ခဲ့ကြပြီး စားသောက်ဖွယ်ရာများဖြင့် ကျွေးမွေးဧည့်ခံကာ စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများ ပျော်ရွှင်စေရန်အတွက် ကံစမ်းမဲများဖောက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**သင့်ကျန်းမာရေးအတွက် နေ့စဉ် နံနက်စောစော လမ်းလျှောက်ပေးပါ**

# အချိန်မရွေးဖြစ်နိုင်သော ငလျင်ဘေးအန္တရာယ်

ပေါက်ပေါက်

သဘာဝဘေးဟူသည် ရှောင်လွှဲ၍မရသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သာမက ကမ္ဘာ့နိုင်ငံတိုင်းတွင် သဘာဝဘေးဒဏ်များကို ခံစားရလေ့ရှိသည်။ ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံအထက်ပိုင်းနှင့် မြန်မာနိုင်ငံ ပြင်ပရှိဒေသများတွင် အင်အားအသင့်အတင့်ရှိ မြေငလျင်များ ဆက်တိုက်လှုပ်ရှားနေပါသည်။

### မြေငလျင်လှုပ်ခြင်း

ဘူမိဗေဒသဘောတရားအရ မြေထုချပ် (Plate) ဟုခေါ်သော ကျောက်သားထုချပ်နှစ်ခုသည် တစ်ခုနှင့်တစ်ခု တွန်းတိုက်မိသောအခါ တစ်ခုက အခြားတစ်ခုအောက်သို့ ငုပ်လျှိုးဝင်ရောက်သွားပြီးနောက် အပေါ်တစ်ခုမှာ တွန်းတိုက်ခံလိုက်ရသည့်အတွက် တွန့်ခေါက်လာပြီး ထိုနေရာတွင် အားများ တဖြည်းဖြည်းစုစည်းမိလာသည်။ တစ်ချိန်ချိန်တွင် ၎င်းစုစည်းမိသောအားများက ရုတ်တရက်ရုန်းကန်ပြီး အဘက်ဘက်သို့ပြန့်ထွက်သွားသည်။ ထိုအခါ ၎င်းအားများ ဖြတ်သန်းသွားရာ လမ်းကြောင်းတစ်လျှောက်ရှိ ကြားခံအရာများအားလုံး တုန်ခါသွားသည့်ဖြစ်စဉ်ကို "မြေငလျင်လှုပ်ခြင်း (Earth Quake)" ဟုခေါ်ပါသည်။ တစ်နည်းဆိုသော် ကမ္ဘာမြေကြီးအောက်ရှိကျောက်လွှာများ ရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာသော မြေသားများ ပြင်းထန်စွာတုန်ခါခြင်းကို မြေငလျင်လှုပ်ခြင်းဟုခေါ်သည်။

### မြေငလျင်လှုပ်သော အခြားအကြောင်းများ

အောက်ဖော်ပြပါ အကြောင်းများကြောင့်လည်း မြေငလျင်လှုပ်တတ်သည်။

- မြေအောက်ကျောက်လွှာများ လှုပ်ရှားမှု။ (အဖြစ်အများဆုံး၊ အပြင်းထန်ဆုံး၊ ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်၏)
- မီးတောင်ပေါက်ကွဲခြင်းကြောင့် ကမ္ဘာ့မြေထုချပ်ကြီးများ တစ်ခုနှင့်တစ်ခု တွန်းကန်မှု သို့မဟုတ် ကျုံ့ကျနိမ့်ဆင်းမှု။ (ပျက်စီးအားပြင်းထန်လေ့မရှိပေ)
- မြေအောက်မိုင်းခွဲခြင်း သို့မဟုတ် ဖောက်ခွဲမှုကဲ့သို့သော ပေါက်ကွဲအားပြင်းထန်သည့် လူတို့လုပ်ဆောင်မှု။
- အာကာသမှ ဥက္ကာခဲကြီးများ ကမ္ဘာမြေပေါ်သို့ ကျရောက်မှု။

### မြန်မာနိုင်ငံနှင့် မြေငလျင်ရာဇဝင်

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အဓိကမြေငလျင်ကြောကြီးနှစ်ခုထဲမှ တစ်ခုဖြစ်သော အယ်(လ်)ဖိုက် မြေငလျင်ကြောကြီးပေါ်တွင် တည်ရှိနေခြင်း၊ မြေထုချပ်များ၏ တွန်းတိုက်တိုးဝင်နေခြင်း၊ ထင်ရှားသော စစ်ကိုင်းပြတ်ရွေ့နှင့် အခြားသောသက်ရှင်ပြတ်ရွေ့များရှိခြင်း စသည်တို့ကြောင့် မြန်မာနိုင်ငံသည် မြေငလျင်ဘေးအန္တရာယ်ရှိသော နိုင်ငံတစ်ခုဖြစ်သည်။ အမေရိကန်အခြေစိုက် United State of Geological Survey (USGS) ၏ ၁၉၆၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ မြေငလျင်လှုပ်ရှားမှုအခြေအနေ လေ့လာချက်များအရ မြန်မာနိုင်ငံအနောက်ဘက်၊ အနောက်မြောက်ပိုင်းနှင့် ကပ္ပလီကျွန်းစုဒေသများတွင် မြေငလျင်လှုပ်ရှားမှု ပိုမိုများပြားတတ်ကြောင်း သိရသည်။




၁၉၁၂ ခုနှစ်တွင် ကျောက်တန်းပြတ်ရွေ့ကြောမှ ၈ ဒသမ သုည ရစ်ချ်တာစကေးရှိသော ငလျင်ကြီးလှုပ်ခဲ့သည်။ ၁၉၂၉ - ၁၉၃၁ ခုနှစ်အထိ ၇ ဒသမ ၀၊ ၇ ဒသမ ၃ နှင့် ၇ ဒသမ ၆ ရစ်ချ်တာစကေးရှိသောငလျင်များ ဆက်တိုက်လှုပ်ခဲ့သဖြင့် ဘုရားပုထိုးစေတီများစွာ ပျက်စီးခဲ့ပြီး လူအသေအပျောက်ရှိခဲ့သည်။ ၁၉၃၀ ပြည့်နှစ်၌ စစ်ကိုင်းပြတ်ရွေ့ကြောငလျင်ကြောင့် ပဲခူးနှင့် ဖြူးတို့တွင် ငလျင်ဒဏ်ကို ကြီးကြီးမားမားခံစားခဲ့ရသည်။ ထိုနောက်ပိုင်းတွင် သိသိသာသာ ငလျင်မလှုပ်တော့ဘဲ ၂၀၁၁ ခုနှစ်ရောက်သောအခါ ငလျင်လှုပ်ခဲ့ပြီး အဆောက်အအုံပျက်စီးကာ လူအသေအပျောက်ရှိခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် သပိတ်ကျင်းငလျင်လှုပ်ခဲ့ပြီး ဘုရားပုထိုးစေတီများနှင့် လူနေအိမ်များပျက်စီးကာ လူအသေအပျောက်များရှိခဲ့သည်။ ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် ငလျင်လှုပ်ခဲ့သော်လည်း ၎င်းငလျင်ဗဟိုရှိသည့် နေရာတစ်ဝိုက်လောက်သာ ခံစားခဲ့ရသဖြင့် ပြင်းထန်မှုမရှိခဲ့ပေ။ ၂၀၁၅ ခုနှစ်တွင်လည်း ငလျင်ငယ်လေးများ လှုပ်ခဲ့သည်။

ထူးခြားဖြစ်စဉ်အဖြစ် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၄ မိနစ် ၅၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၂၃ မိုင်ခန့်ကွာဝေးသော ချောက်မြို့၏အနောက်ဘက် ၁၂ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သောမြေငလျင်တစ်ခု လှုပ်ရှားသွားခဲ့သည်။ ထိုငလျင်ဒဏ်ကြောင့် ရှေးဟောင်းမြို့တော်ပုဂံဒေသရှိ စူဠာမဏိစေတီ၊ စေတနာကြီးဘုရား၊ ထီးလိုမင်းလိုနှင့် လောကနန္ဒာ အပါအဝင် စေတီပုထိုးပေါင်း ၁၈၆ ဆူနှင့်တကွ နိုင်ငံတစ်ဝန်းရှိ စေတီပုထိုးပေါင်း ၂၃၀ ကျော် ထိခိုက်ပျက်စီးခဲ့သည်။ ရှေးဟောင်းယဉ်ကျေးမှုမြို့တော် ပုဂံဒေသအပြင် ငလျင်လှုပ်ခတ်သွားသော တခြားဒေသများမှာ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ မြို့နယ်တချို့တွင် ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။

အဆိုပါငလျင်သည် ပြတ်ရွေ့ကြောငလျင်မဟုတ်ဘဲ အိန္ဒိယကျောက်ထုချပ် (India Plate) က ဘားမားကျောက်ထုချပ် (Burma Plate) အောက်သို့ ထိုးဆင်းသွားသည့်အတွက်ကြောင့် ထိုးစိုက်ဇုန် (Subduction Zone) (ခေါ်) ထိုးစိုက်ငလျင်ဖြစ်သည်။ ထိုးဆိုက်ဇုန်၏ ဘေးထွက်ဆိုးကျိုးအဖြစ် ကျောက်ဖြူနှင့် မင်းဘူးမြို့များတွင် ရွှံ့မီးတောင်များပေါက်သွားသည်။ ၎င်းငလျင်သည် ၁၉၇၅ ခုနှစ်တွင် ငွေးချိုပြတ်ရွေ့မှ လှုပ်ရှားခဲ့သော ပုဂံငလျင်နှင့်လည်း ဆက်နွယ်မှုမရှိပေ။ ထို့ကြောင့် ၎င်းငလျင်ကို မြန်မာနိုင်ငံငလျင်ကော်မတီမှ "ချောက်ငလျင်"ဟု အမည်ခေါ်တွင်ခဲ့သည်။ ထိုးစိုက်ဇုန်ကြောင့် လှုပ်ရှားသွားသောငလျင်မျိုးသည် မြန်မာနိုင်ငံတွင် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသေးဘဲ ပထမဆုံးသော ထိုးစိုက်ငလျင်ကြီးအမျိုးအစားဖြစ်သည်။

၂၀၁၇ ခုနှစ် မတ်လ ၁၃ ရက်နေ့ မြန်မာစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၂၂ မိုင်ခန့်အကွာ တိုက်ကြီးမြို့၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာကိုဗဟိုပြုပြီး ငလျင်လှုပ်ခဲ့သည်။ ငလျင်အင်အားမှာ ၅ ဒသမ ၈ ရစ်ချ်တာစကေးဖြစ်ပြီး မြေအောက် ၁၀ ကီလိုမီတာအနက်တွင် ဖြစ်ပွားခဲ့သော ဖောက်တိမ်ငလျင် (Shallow Earthquake) အမျိုးအစားဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ်တိုင်းလိုလိုမှ လူအများသတိထားမိခဲ့သည်။ အဆိုပါငလျင်လှုပ်ပြီး နှစ်နာရီကျော်အကြာတွင် တိုက်ကြီးမြို့၏ အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာကို ဗဟိုပြုပြီး အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၇ ရှိ မြေငလျင်တစ်ခု ထပ်မံလှုပ်ခဲ့သည်။ တိုက်ကြီးငလျင်ကြောင့် သာသနိကအဆောက်အအုံ ကိုးလုံး၊ လမ်းတံတား၊ အစိုးရရုံးနှင့် နေအိမ် ခြောက်လုံးပျက်စီးကာ လူ ၂၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ တိုက်ကြီးတွင် အထပ်မြင့်အဆောက်အအုံများမရှိ၍ ပျက်စီးမှုအနည်းငယ်သာ ကြုံတွေ့ခဲ့ရသည်။ ၂၀၁၈ ခုနှစ်တွင် ငလျင်လှုပ်ခဲ့သော်လည်း လွန်ခဲ့သည့် နှစ်နှစ်ကဲ့သို့ ပြင်းထန်မှုမရှိခဲ့ပေ။ ၂၀၁၉ ခုနှစ်ရောက်သောအခါ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ငလျင်ဖြစ်ပေါ်မှု ခပ်စိပ်စိပ်တွေ့ရသည်။ ထို့အတူ ၂၀၂၀ -၂၀၂၂ ခုနှစ်အထိ လက်ရှိကာလများတွင်လည်း အသေးစား ငလျင်လှုပ်ခတ်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတစ်ဝန်း၌ ငလျင်လှုပ်ခတ်မှု အသေးစားများ ခပ်စိပ်စိပ်ဖြစ်ပေါ်လျက်ရှိရာ ထိုကဲ့သို့ မကြာခဏငလျင်လှုပ်မှုရှိနေခြင်းသည် အင်အားပြင်းငလျင်ကို သတိမူလာစေရန် အချက်ပြနေခြင်းဖြစ်ကြောင်း ငလျင်ပညာရှင်များက သုံးသပ်ကြသည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် မြေငလျင်လှုပ်ခတ်မှု (၄၂) ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် အကြိမ် (၇၀)၊ ၂၀၁၈ ခုနှစ်တွင် အကြိမ် (၁၅၀) ကျော်နှင့် ၂၀၁၉ ခုနှစ်အတွင်း အကြိမ် (၁၄၀) ကျော်ရှိခဲ့ကြောင်း သိရသည်။ အထူးသဖြင့် လူဦးရေထူထပ်ပြီး မြို့ပြဖြစ်ထွန်းမှုမြန်ဆန်နေသည့် ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် နေပြည်တော် စသည့်မြို့ကြီးများသည် ငလျင်ကြောပေါ်တွင် တည်ရှိပြီး အင်အားလတ်ဇုန်နှင့် အင်အားပြင်းဇုန်များအတွင်း ကျရောက်လျက်ရှိသဖြင့် ငလျင်ဘေးအတွက် အသိပညာပေးလုပ်ငန်းများ၊ ဇာတ်တိုက်လေ့ကျင့်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်လိုအပ်ကြောင်းကိုလည်း ပညာရှင်များက ထောက်ပြထားသည်။

### သတိပြုစေလို

သတိထားရမည့်အချက်မှာ မြန်မာနိုင်ငံသည် မြောက်ဘက် ကချင်ပြည်နယ် ပူတာအိုမှ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ကိုဖြတ်ကာ အက်ဒမန်ပင်လယ်ထဲသို့ဝင်ရောက်သွားသော အရှည်မိုင် ၆၀၀ ကျော်သည့် စစ်ကိုင်းပြတ်ရွေ့ငလျင်ကြောကြီးကို ဖင်ခုထိုင်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ငလျင်အန္တရာယ် အချိန်မရွေးကျရောက်နိုင်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် ကျောက်ကြမ်း၊ ကဘော်၊ ရွှေတြိဂံ၊ ဒေးဒရဲ စသည့်ငလျင်ပြတ်ရွေ့ကြောများကိုလည်း ဖင်ခုထိုင်ထားသည်။ အများပြည်သူတို့အနေဖြင့် ငလျင်ဘေးကို အထူးသတိပြုကြရန် လိုအပ်သကဲ့သို့ တာဝန်ရှိသူများအနေဖြင့်လည်း ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ငလျင်လှုပ်ခတ်ပါက အများပြည်သူတို့ ကြိုတင်စုဝေးနိုင်သည့် နေရာများကို ကြိုတင်ပြင်ဆင်ထားခြင်း၊ ငလျင်နှင့်စပ်လျဉ်းသည့် အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အထိတ်တလန့်ဖြစ်စေသည့် သတင်းမှားများဖြန့်ချိမှုများကို စိစစ်ကာ သတင်းမှန်ကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ခြင်းတို့ကို အလေးထားလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၉ သို့ ❑

**"မြန်မာနိုင်ငံသည် မြောက်ဘက် ကချင်ပြည်နယ် ပူတာအိုမှ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ကိုဖြတ်ကာ အက်ဒမန်ပင်လယ်ထဲသို့ ဝင်ရောက်သွားသော အရှည်မိုင် ၆၀၀ ကျော်သည့် စစ်ကိုင်းပြတ်ရွေ့ငလျင်ကြောကြီးကို ဖင်ခုထိုင်ထားသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ငလျင်အန္တရာယ် အချိန်မရွေးကျရောက်နိုင်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် ကျောက်ကြမ်း၊ ကဘော်၊ ရွှေတြိဂံ၊ ဒေးဒရဲ စသည့် ငလျင်ပြတ်ရွေ့ကြောများကိုလည်း ဖင်ခုထိုင်ထားသည်။ အများပြည်သူတို့အနေဖြင့် ငလျင်ဘေးကို အထူးသတိပြုကြရန် လိုအပ်သကဲ့သို့ တာဝန်ရှိသူများအနေဖြင့်လည်း ငလျင်ဒဏ်ခံနိုင်သည့်အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ငလျင်လှုပ်ခတ်ပါက အများပြည်သူတို့ ကြိုတင်စုဝေးနိုင်သည့်နေရာများကို ကြိုတင်ပြင်ဆင်ထားခြင်း၊ ငလျင်နှင့်စပ်လျဉ်းသည့် အသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အထိတ်တလန့်ဖြစ်စေသည့် သတင်းမှားများဖြန့်ချိမှုများကို စိစစ်ကာ သတင်းမှန်ကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်းတို့ကို အလေးထားလုပ်ဆောင်လျက်ရှိကြောင်းသိရ"**

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်း (၁/၂၀၂၂) အခမ်းအနားကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းက ကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေးသင်တန်း (၁/၂၀၂၂) အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ပြင်ဦးလွင် မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (Myanmar Real Estate Services Association – MRESA) (ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ငွေကြေးခဝါချမှုကို တိုက်ဖျက်ရေး ဥပဒေ၊ နည်းဥပဒေနှင့် သတင်းပို့အဖွဲ့အစည်းဖြစ်သည့် အိမ်ခြံမြေအကျိုးဆောင်များဆိုင်ရာ ညွှန်ကြားချက်နှင့်ပတ်သက်၍ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများ သိသင့်သိထိုက်သည်များကို powerpoint presentation ဖြင့် ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးကျော်ဝင်းက အသိပညာပေး အစီအစဉ်တွင် ပါဝင်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး FIU နေပြည်တော်မှ ဒုတိယရဲမှူးကြီး ဦးမြင့်စိုးက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပြောကြားသည်။

အဆိုပါ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး အသိပညာပေးသင်တန်း (၁/၂၀၂၂) အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်အောင်လွင်၊ ပြင်ဦးလွင် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်တို့မှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်မြို့ရှိ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများ၊ အိမ်ခြံမြေဆိုင်ရာ စိတ်ပါဝင်စားသူများ စုံလင်စွာတက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# သာကေတမြို့နယ်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

မီးသတ်ဦးစီးဌာန(သဃ်န်းကျွန်းခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ ဒဂုံမြို့သစ်ခရိုင်)ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး အမှတ်စဉ် (၃/၂၀၂၂) သင်တန်းဆင်းပွဲကို ယမန်နေ့ ညနေ ၅ နာရီခွဲက သာကေတမြို့နယ် ၉ ရပ်ကွက် အရှေ့ပိုင်းခရိုင် မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက သဘာဝဘေးအန္တရာယ်များကို ရှေ့တန်းမှ တုံ့ပြန်ရင်ဆိုင်ကြရမည့် ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၃/၂၀၂၂) ကို ဒီဇင်ဘာ ၁၂ ရက်မှ ၂၃ ရက်အထိ စာတွေ့၊ လက်တွေ့ ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဗိုလ်တထောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က လူမှုကူညီရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ယမန်နေ့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ခြင်းနှင့် ကျန်းမာရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး ရင်ပြင်တော်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား သောက်တော်ရေနှင့် ဘုရားပန်းများ ကပ်လှူခြင်း၊ ပရိတ်ပဋ္ဌာန်း တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုး လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ကူညီဆောင်ရွက်ပေးခြင်း၊ ပြည်သူများအား ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ



ဖြန့်ဝေပေးခြင်းတို့ကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ညွန့် ဦးဆောင်ပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေရေယာများထဲမှ ဂွချောင်းတံတားဆောက်လုပ်ရာတွင် ပါဝင်သွားသည့် မြေရေယာအား လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ် စစ်ဆေးလက်ခံခြင်းအခမ်းအနား ကျင်းပ

ဂွ ဒီဇင်ဘာ ၂၄

ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေရေယာ သုည ဒသမ ၂၃၆ ဧကအနက်မှ ဂွချောင်းတံတားဆောက်လုပ်ရာတွင်



ပါဝင်သွားသည့် မြေရေယာ သုည ဒသမ ၀၃၈ ဧကအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ် စစ်ဆေးလက်ခံခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ထွန်းလင်းက စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေရေယာ သုည ဒသမ ၀၃၆ ဧက အနက်မှ ဂွချောင်းတံတားဆောက်လုပ်ရာတွင် ပါဝင်သွားသည့် မြေရေယာ သုည ဒသမ ၀၃၈ ဧကနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးမင်းသီဟဝင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❑ စာမျက်နှာ ၁၈ မှ

## မြေလျှင်လှုပ်ရှားနေစဉ် ဆောင်ရွက်သင့်သည့်အချက်များ

(၁) ကြောက်ရွံ့ထိတ်လန့်မှု မရှိပါနှင့်၊ သတိရှိပါ၊ တည်ငြိမ်မှုရှိပါ။ (၂) မီးသုံးနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ၊ မီးခလုတ်များကိုပိတ်ပါ။ (၃) ပြိုကျနိုင်သည့်အရာဝတ္ထုများ၊ အဆောက်အအုံများအနီးမှ အမြန်ဆုံးရှောင်ရှားပါ။ (၄) ငါးစက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်) ပုံစံဖြင့်နေပါ။ (ဝပ် = ဘေးအန္တရာယ်ကင်းသောနေရာတွင် ဝပ်နေပါ။ ကာ = ခိုင်ခံ့သောစားပွဲ၊ ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။ ကိုင် = ခိုင်ခံ့သောစားပွဲ၊ ခုံ၊ ခုတင်များကို မြဲမြံစွာကိုင်ထားပါ။ (၅) အိမ်ထဲတွင်ရှိနေပါက ခုတင်၊ စားပွဲခုံအောက်သို့ ဝင်နေပါ။ ခုတင်၊ စားပွဲမရှိလျှင် အဆောက်အအုံ၏ အတွင်း နံရံတစ်လျှောက် သို့မဟုတ် ထောင့်တစ်ခုခုတွင် အကာကွယ်ယူပါ။ (၆) တံခါးပေါက် သို့မဟုတ် ပြတင်းပေါက် သို့မဟုတ် ဝရန်တာမှဝေးဝေးနေပါ။ (၇) မြင့်မားလေးလံသော ဗီရို သို့မဟုတ် ရေခဲသေတ္တာ စသည့်ပရိဘောဂအသုံးအဆောင်ပစ္စည်းများမှ ဝေးဝေးနေပါ။ (၈) အိပ်ရာထဲရောက်နေပါက ခေါင်းကို ခေါင်းအုံးအောက်မှာထားပြီး ကာကွယ်ပါ။ (၉) မြေညီထပ်တွင်ရှိနေပြီး ဝင်ပေါက်၊ ထွက်ပေါက်နှင့်နီးပါက အဆောက်အအုံအတွင်းမနေဘဲ အပြင်ဘက်သို့ အမြန်ဆုံးထွက်ခွာရှောင်ရှားပါ။ (၁၀) အဆောက်အအုံကို စွန့်ခွာရမည်ဆိုလျှင် ဓာတ်လှေကားအတွင်း ပိတ်မိနိုင်သဖြင့် ရိုးရိုးလှေကားမှ သာဆင်းပါ။ (၁၁) မီးများ ငြိမ်းသတ်ထားပါ။ (၁၂) မြေလျှင်လှုပ်ချိန်မှာ အပြင်သို့ လုံးဝထွက်မပြေးပါနှင့်။ (၁၃) အထပ်မြင့်တိုက်များ၏ တံခါးပေါက်များမှ ခုန်ထွက်၊ ခုန်ချခြင်းမပြုပါနှင့်။ (၁၄) ဓာတ်လှေကားထဲသို့ တိုးဝှေ့ခြင်းမပြုရ။ (၁၅) ငလျင်လှုပ်စဉ် လမ်းပေါ်သို့ရောက်နေပါက မြင့်မားသောတိုက်တာအဆောက်အအုံများ၊ မီးတိုင်၊ သစ်ပင်၊ လျှပ်စစ်ဓာတ်ကြိုးတန်းနှင့်ဝေးရာသို့ အမြန်ရှောင်ရှား၍ မြေပြင်မှာဝပ်နေပါ။ (၁၆) ငလျင်လှုပ်စဉ် ကားထဲတွင်ရှိနေပါက ကားကိုအရှိန်လျှော့ပြီး ဘေးကင်းမည့်နေရာကို မောင်းသွားပြီးရပ်ထားပါ။ ကားကိုစက်သတ်ကာ ကားထဲမှာပဲဆက်ထိုင်နေပြီး တံတား၊ အဆောက်အအုံများနှင့်ဝေးရာတွင်နေပါ။ (၁၇) နိမ့်သောကမ်းပါး သို့မဟုတ် ရေတွင်းရေကန်တို့မှ ဝေးဝေးနေပါ။ (၁၈) ပင်လယ်ကမ်းခြေ၊ မြစ်ကမ်းစပ်တွင် နေထိုင်သူများဖြစ်ပါက မြေပြင်တောင်ကုန်းရှိရာနေရာသို့ အမြန်ဆုံးသွားပါ၊ ဆူနာမီလှိုင်းကြီးများ ဝင်ရောက်လာနိုင်သဖြင့် ပင်လယ်ကမ်းခြေမှဝေးဝေးနေပါ။

အချုပ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံတွင်းတည်ရှိသော ပြတ်ရွေ့ကြောများအနက် နိုင်ငံတကာ မြေလျှင်နှင့် ဘူမိဗေဒပညာရှင်များ လွန်စွာစိတ်ဝင်စားကြသော မိုင် ၆၀၀ ကျော်ရှည်လျားသည့် စစ်ကိုင်းပြတ်ရွေ့ကြောသည် မြန်မာနိုင်ငံအလယ်မှ ဖြတ်၍ တောင်မြောက်တန်းလျက်အနေအထားဖြင့် တည်ရှိနေသည်။ ဥတုရာသီ၊ ချိန်ခါမရွေး လျှင်လှုပ်နိုင်သည်။ ငလျင်၏ သဘောသဘာဝသည် ကြိုတင်ခန့်မှန်းမရသော သဘာဝဘေးတစ်ခုဖြစ်၍ ငလျင်စောက်နက်ပါက ပျက်စီးဆုံးရှုံးမှု များတတ်သည်။ လူအသေအပျောက်၊ ထိခိုက်ဒဏ်ရာများလည်း ဖြစ်ပေါ်တတ်သည်။ ထို့ကြောင့် ပြည်သူလူထုများ ငလျင်ဘေးဆိုင်ရာ အသိပညာများရရှိလာစေရန်အတွက် သက်ဆိုင်ရာမြို့နယ်မီးသတ်ဦးစီးဌာနက မြန်မာပြည်တစ်ဝန်း လူနေရပ်ကွက်များ၊ စာသင်ကျောင်းများတွင် ငလျင်ဘေးကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်မှုများကို ပြုလုပ်ပေးလျက်ရှိသည်။

သို့ပါ၍ မြေလျှင်ကြောအနီးတွင် နေထိုင်ပါက မြေလျှင်ဘေးမှကင်းဝေးစေရန် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားသင့်ပါကြောင်းနှင့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ရာတွင် မဖြစ်မီ၊ ဖြစ်ဆဲ၊ ဖြစ်ပြီးကာလတို့အတွက် သတိပေးနှိုးဆော်မှု၊ ပညာပေးလေ့ကျင့်မှု၊ အရေးပေါ်တုံ့ပြန်မှု၊ ကူညီကယ်ဆယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ဖြင့် ရင်ဆိုင်ကြရခြင်းဖြစ်ရာ နိုင်ငံသူ နိုင်ငံသားတို့၏ အရည်အချင်းပြည့်ဝမှု၊ လူသားချင်းစာနာမှုတို့ဖြင့် သဘာဝဘေးအန္တရာယ်အပေါင်းတို့ကို ကျော်လွှားကြရမည်သာဖြစ်ပါကြောင်း ထပ်ဆင့်အကြံပြုအပ်ပါသည်။ ။

■

ဝတ္ထုတို

## လင်းလက်ကြယ်(လက်ပံလှ)




(၁)

အသက်ကြီးလာတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တတ်တဲ့အချိန်တွေက နည်းနည်းလာပြီ။ ငယ်ရွယ်တဲ့အချိန်တွေတုန်းကတော့ ဘယ်အချိန်ဘယ်လောက်အိပ်အိပ် အိပ်လို့ကောင်းမြဲ။ နေဝင်စလောက်က အိပ်လိုက်ရင် မနက်မိုးလင်းမှ နိုးတော့တာ။ ဒါတောင်သူများနှိုးမှထတာ။ အခုတော့ အသက်အရွယ်လေးကရလာတော့ အိပ်ချိန်တွေကနည်းလာပြီ။ လုပ်စရာအလုပ်ကလည်း မည်မည်ရရမရှိဘူးဆိုတော့ ပိုဆိုးတာပေါ့။ သားသမီးတွေအကုန်လုံးနဲ့ အတူမနေရပေမယ့်လည်း သမီးကြီးတစ်ယောက်ရင်ကပ်ရှိနေလို့တော်သေးတယ်။ သားသုံးယောက်ကလည်း သူ့အိုးသူ့အိမ်ထောင်နဲ့ ဆိုတော့ သူတို့တတ်နိုင်သလောက်လေးတော့လှမ်းပြီး လစဉ်ထောက်ပံ့ကြပါတယ်။ သမီးကြီးကတော့ ဈေးထဲမှာကုန်စိမ်းရောင်းတာ။ သမီးကြီးကတော့ ဒီတစ်သက်တော့ အိမ်ထောင်မပြုတော့ဘူးထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမီးကြီးအသက်က လေးဆယ်ရောက်နေပြီ။

"ဟဲ့-မေကြီး၊ နိုးပြီလား။ အပြင်မှာတော့ တော်တော်အေးတယ်။ အိပ်ရာထဲမှာပဲနေနေပါ။ ကျုပ်ဘာသာကျုပ် ထမင်းချက်လိုက်ပါ့မယ်"

အိပ်ရာပေါ်မှာ လှုပ်လှုပ်လုပ်နေတဲ့ ဇနီးဖြစ်သူကို ဦးဘသော်ပြောလိုက်တယ်။ ဦးဘသော်ပြောနေပေမယ့်လည်း ဇနီးဖြစ်သူဘက်က ဘာအသံမှ ထွက်ပေါ်မလာဘူး။

"မေကြီးရယ် ကလေးတွေက အဆင်မပြေကြလို့ ဘာမှမပြောတာနေမှာပါကွာ။ မင်းမလည်း အသက်ကြီးလာမှ ကလေးစိတ်ကြီးဝင်နေတာ"

"တော်က တော့်သားသမီးတွေဘက်က ပါနေတာပေါ့။ ကျွန်မက သူတို့ကိုပြောပြတယ်ဆိုတာကလည်း ဘာလုပ်ပေးပါ၊ ညာလုပ်ပေးပါအတွက် ပြောနေတာမဟုတ်ဘူး။ သူတို့ကို သိစေချင်လို့ပြောပြတာ။ ဒါတောင်ဘယ်သားမှ အရေးမလုပ်ကြဘူး"

ဇနီးဖြစ်သူ ပြောလိုက်တဲ့စကားကြောင့် ဦးဘသော်ရင်ထဲမှာလည်း စိတ်မကောင်းဖြစ်မိသွားတယ်။ ဝမ်းနည်းမှုကြောင့် မျက်ဝန်းအိမ်က မျက်ရည်တွေ ရစ်သမ်းလာတော့ ခေါင်းကိုမော့လိုက်တယ်။ ပြာသိုလရဲ့ ဆောင်းအအေးက တခြားလတွေနဲ့မတူ။ ဒါကြောင့်မလို့လည်း ပြာသိုဆောင်းလလယ်၊ ဆောင်းလလယ်လို့ ရေးဖွဲ့ထားတာကိုး။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း နှင်းမှုန်တွေကရစ်သိုင်းနေတာ။ လမင်းရဲ့ အလင်းရောင်ကိုတောင် နှင်းမှုန်တို့က ဝါးမြိုထားနေတာ။ တံစက်မြိတ်က နှင်းစက်တွေကျသံက ဇနီးဖြစ်သူရဲ့အပြောတွေကို ပျက်ရယ်ပြုနေမလား မသိဘူး။

"ကဲပါ မေကြီးရယ်။ အဲဒါတွေ စိတ်ထဲမထားပါနဲ့။ အေးလို့အခန်းထဲက မထွက်ချင်ဘူးဆိုရင်လည်း အခန်းထဲမှာ စောင်လေးခြုံပြီးနေ။ ဒါမှမဟုတ်ရင်လည်း ကျုပ်နဲ့ ထမင်းအတူတူချက်ချင်တယ်ဆိုရင်လည်းလိုက်ခဲ့လိုက်။ တော်ကြာမနက်ခင်း အရဏ်တန်းဆွမ်းမလောင်းရဘဲနေလိမ့်မယ်။ ဒီလိုလ၊ ဒီလိုရက်၊ ဒီလိုနေ့လေးမှာ ခင်ဗျားနဲ့ကျုပ်အတူတူကုသိုလ်ကောင်းမှု လုပ်ရတယ်ဆိုတာနည်းတဲ့ အခွင့်အရေးမဟုတ်ဘူးဗျ"

ဇနီးဖြစ်သူရဲ့ ပါးရည်တွေ တွန့်နေပြီဖြစ်တဲ့ ပါးလေးနှစ်ဖက်ကို လက်ကလေးနဲ့ ဆွဲလိမ်ပြီး ဦးဘသော်က ပြောလိုက်တယ်။ ဦးဘသော်ရဲ့ အပြုအမူကြောင့် ဇနီးဖြစ်သူက ရယ်ပြုံးလေးပြုံးရင်း"အဘိုးကြီးကလဲ မကြီးမငယ်နဲ့"ဆိုပြီး ဦးဘသော်ရဲ့ လက်နှစ်ဖက်ကို ဖယ်ပြီး ခုတင်ပေါ်ကနေ ထလိုက်တယ်။

(၂)

လင်ရယ် မယားရယ်လို့ ဖြစ်လာတဲ့ အခါငယ်ရွယ်တဲ့အချိန်ကတော့ ကိလေသာတဏှာတွေပါခဲ့ပေမယ့်၊ အခုလိုအချိန်အခါမှာတော့ တစ်ယောက်ကိုတစ်ယောက် မှီခိုအားထား အဖော်ပြုပေးချင်တဲ့စိတ်လေးတွေပဲရှိတော့တယ်။ တစ်ခါတလေမှာ တစ်ဦးကိုတစ်ဦး စနောက်ရင်းနဲ့ နေ့တစ်နေ့ကို ဖြတ်ကျော်နေခဲ့ရတယ်။ အရင်တုန်းက သားတွေသမီးတွေနဲ့ ဆူဆူညံညံရှိခဲ့တဲ့ အိမ်ကြီးက အခုအခါမှာတော့ တိတ်ဆိတ်နေတာ။

ဦးဘသော်က မီးလေးမွှေးပြီးတော့ ထမင်းအိုးဆေးနေတဲ့ ဇနီးဖြစ်သူဆီသွားလိုက်တယ်။

"မီးဖိုနားသွားနေ မေကြီးရေ၊ ကျုပ်ဆေးလိုက်ပါ့မယ်"

ဆန်ဆေးမလို့ လုပ်နေတဲ့ ဇနီးဖြစ်သူကိုပြောရင်း ဦးဘသော်က ထမင်းအိုးကိုယူလိုက်တယ်။

"အမလေး ကိုဘသော်ရယ်။ ဒီလောက်တော့ ကျွန်မ လုပ်နိုင်ပါသေးတယ်တော်"

"မင်းလုပ်နိုင်တာ ငါသိပါတယ် မေကြီးရယ်။ ဒီနေ့တစ်ရက်လေးတော့ မင်းအတွက် ကျုပ်လုပ်ပေးပါရစေ"

ဇနီးဖြစ်သူက ဦးဘသော်ကို မျက်စောင်းထိုးလိုက်တယ်။ အဲဒီအချိန် ဦးဘသော်က သူ့ရင်ဘတ်လေးကို လက်နဲ့ဖိရင်း "အား"လို့ အော်လိုက်တယ်။

"ဒီအဘိုးကြီး ဒီနေ့ဘယ်လိုဖြစ်နေလဲ မသိဘူး"

ဇနီးဖြစ်သူက ဦးဘသော်ရဲ့အပြုအမူကို အပြစ်တင်ပြောရင်း မီးဖိုရှိရာကို ထွက်သွားလိုက်တယ်။

(၃)

ဘယ်လိုပဲဖြစ်နေနေ ဒီနေ့အတွက် ဇနီးဖြစ်သူကို စိတ်ပျော်အောင်ထားမယ်လို့ စိတ်ကူးထားတာ။ ပြန်တွေးကြည့်ရင် ဦးဘသော်တို့အသက်တွေက ခြောက်ဆယ့်ငါးထဲတောင် ရောက်နေပြီ။ ဇနီးဖြစ်သူက ဦးဘသော်ထက် နှစ်နှစ်ကြီးတယ်။ ဒီအသက်အရွယ်တွေဆိုတာ သေမင်းနဲ့ လက်တစ်ကမ်းမှာပဲရှိတော့တာ။ ဒါကြောင့် ရတဲ့အချိန်လေးမှာ သံသရာအတွက် ကုသိုလ်လေးတွေလုပ်၊ တရားလေးတွေအားထုတ်ရင်းနဲ့ သေမယ့်နေ့ကို စောင့်နေကြရတာ။ မသေခင်ကာလလေးမှာလည်း တစ်ဦးကိုတစ်ဦး ကြင်ကြင်နာနာပျော်ပျော်ရွှင်ရွှင်လေးနဲ့နေစေချင်မိတယ်။ အထူးသဖြင့်အခုလို လူတစ်ယောက်ရဲ့အမှတ်တရနေ့လေးတွေပေါ့။

ဒီနေ့ဟာ ဇနီးဖြစ်သူရဲ့မွေးနေ့လေးရယ်။ ဇနီးဖြစ်သူက ပြာသိုလပြည့် ဗုဒ္ဓဟူးနေ့မှာမွေးတာ။ အခါတိုင်းနှစ်တွေတော့ အခုလိုရက်မျိုးရောက်ရင် လင်မယားနှစ်ယောက် စောစောထပြီး မနက်ခင်းတန်းဆွမ်းလောင်းဖို့ ထချက်ကြတယ်။ နေ့ခင်းမှာတော့ ရွာဦးကျောင်းမှာ ဥပုသ်စောင့်ဖြစ်တယ်။ ဒီနှစ်တော့ ဇနီးဖြစ်သူက သူ့မွေးနေ့ကို အရင်နှစ်တွေကလုပ်နေကြတဲ့အတိုင်း မလုပ်ချင်ဘူးဖြစ်နေတာ။

"ကိုဘသော်ရေ၊ ဒီနှစ်က ကျွန်မရဲ့ မွေးနေ့၊ မွေးလဆုံတဲ့နှစ်ပဲ။ ဒီလိုဆုံဖို့ဆိုတာဆုံခဲတယ်။နောက်နှစ်တွေဆိုတာလည်း ကျွန်မတို့အသက်အရွယ်နဲ့က စိတ်မချတော့ဘူး။ ဒါကြောင့် ဒီနှစ်လေးကို သားတွေမြေးတွေ စုံစုံလင်လင်နဲ့ ကျွန်မရဲ့ မွေးနေ့လေးကို ကျင်းပချင်တယ်တော်"

ဇနီးဖြစ်သူက အဲဒီလိုပြောလာတော့ ဦးဘသော်စိတ်ထဲမှာ ဝမ်းနည်းခဲ့ရတယ်။ လူတစ်ယောက်မှာ တစ်နှစ်တစ်ခါတော့ ကိုယ့်ရဲ့ မွေးရက်နဲ့ မွေးလကိုတော့ ရောက်ကြတာပဲ။ ဒါပေမယ့် မွေးနေ့၊ မွေးလ၊ မွေးရက် ဆုံဖို့ဆိုတာက ဆုံခဲတယ်။ ပြီးတော့ အခုလိုအသက်အရွယ်ထိရောက်ခဲ့ပေမယ့်လည်း ဇနီးဖြစ်သူအတွက် မွေးနေ့အထိမ်းအမှတ်ဆိုပြီး ဦးဘသော် မလုပ်ပေးခဲ့ဖူးဘူး။ ကိုယ့်ကိုယ်ကိုယ်အတွက်လည်း မလုပ်ခဲ့ဘူး။ ဦးဘသော်ရင်ထဲမှာလည်း ဇနီးဖြစ်သူအတွက် အကြီးအကျယ်ကြီးမဟုတ်ရင်တောင် မွေးနေ့ကိတ်လေးနဲ့ ဇနီးဖြစ်သူကို လုပ်ပေးချင်နေမိတယ်။ ဒါပေမယ့် ဦးဘသော်တို့ လင်မယားနှစ်ယောက်မှာ ဘာဝင်ငွေမှမရှိဘူး။ သားသမီးတွေရဲ့ ထောက်ပံ့မှုလုပ်စာနဲ့ပဲ စားနေရတာ။ ဖြစ်ချင်တာလေးတွေကို သားသမီးတွေပြောပြဖို့ကြတော့ မပြောရက်ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သားသမီးတွေက အဆင်ပြေရင်တော်သေး အဆင်မပြေရင် သူတို့တစ်တွေ စိတ်မကောင်းဖြစ်မှာလည်း စိုးရိမ်မိတယ်။

ဟိုတစ်ခါ သားကြီးသမီး မွေးနေ့ပွဲလုပ်တုန်းက မွေးနေ့ကိတ်ကိုက တစ်သိန်းတောင်ပေးရတယ်လို့ ပြောကြတယ်။ အဲဒီလောက် မကြီးရင်တောင် ခပ်သေးသေးလောက် လုပ်ပေးနိုင်ရင်ကောင်းမယ်လို့ တွေးခဲ့မိသေးတယ်။ နောက်တော့လည်း ဖြစ်ချင်တာတွေကို မြိုသိပ်ထားလိုက်တော့တယ်။

ဒါပေမယ့် ဦးဘသော်က မြိုသိပ်ထားပေမယ့်လည်း ဇနီးဖြစ်သူက သူ့သားတွေဆီကို တစ်ယောက်ပြီးတစ်ယောက် သူ့မွေးနေ့ကို ဖုန်းဆက်ပြီး ပြောပြနေတာ။

"သားတွေကလည်း အမေ့မွေးနေ့လေးပြောပြတာတောင် သိပ်ပြီးစိတ်မဝင်စားကြဘူး။ 'ဟုတ်လား' လေး တစ်ခွန်းပဲ ပြောကြတယ်"

ဇနီးဖြစ်သူက ဖုန်းပြောပြီးတော့ ငိုပါလေရော။ ဦးဘသော်ခင်ဗျာ စိတ်မကောင်းချင်းတွေနဲ့ ချော့လိုက်ရတယ်။ နောက်တော့မနေနိုင်တဲ့အဆုံး သမီးကြီးကို ပြောပြလိုက်တယ်။ သမီးကြီးက ဘုန်းကြီးကျောင်း ဆွမ်းချိုင့်ပို့ဖို့နဲ့ မနက်ခင်း တန်းဆွမ်းလောင်းဖို့အတွက် ကုန်ကျမယ့် ပိုက်ဆံကိုထုတ်ပေးလိုက်တယ်။ ဦးဘသော်လည်း ဆွမ်း၊ ဟင်းအတွက် လိုအပ်တာတွေကို ဝယ်ထားလိုက်တယ်။ သမီးကြီးကတော့ ညနေခင်းမှာ ကုန်ဝယ် ညအိပ်သွားစရာရှိလို့ သူ့အမေမွေးနေ့ကိုဘာမှမကူညီနိုင်ဘူးလို့ ပြောတယ်။

အဝေးက သားတွေ မလာနိုင်တာကို ဖြေသိမ့်လို့ရပေမယ့် အတူနေ သမီးကြီးကပါ ကိုယ့်အမေရဲ့ မွေးနေ့လေးတစ်ရက်တောင် အတူမနေပေးကောင်းလားဆိုပြီး ဇနီးဖြစ်သူက စိတ်မကောင်းဖြစ်နေတာ။

"အဖိုးကြီး ဟင်းတွေလည်း တူးကုန်ဦးမယ်"

ဇနီးဖြစ်သူအသံကြားမှ လက်တွေ့ဘဝကို ပြန်ပြီးအသိဝင်လာတယ်။ ဇနီးဖြစ်သူ အသိပေးတော့မှပဲ ကြက်သားအိုးကို အမြန်ဖွင့်ပြီးရေထည့်လိုက်တယ်။

(၄)

"အဖေ…အမေ"

ကြက်သားအိုးကို မီးဖိုပေါ်ကချပြီးတော့ အပြင်က ခေါ်သံကြောင့် နားစိုက်ထောင်လိုက်တယ်။ အပြင်ကိုလှမ်းကြည့်တော့ နှင်းမှုန်တွေကြောင့် သဲသဲကွဲကွဲမမြင်ရဘူး။ အရုဏ်ဦးအလင်းရောင်ကလည်း နှင်းမှုန်တို့ကို မကျော်ဖြတ်နိုင်ဘူးဖြစ်နေတာ။

"ဟဲ့ -ဘယ်သူတွေလဲ"

"သားတို့ပါ"

သေချာအောင်လို့ထပ်မေးလိုက်တော့ အပြင်ကဖြေသံကြောင့် ဦးဘသော်တို့ တွေဝေသွားခဲ့တယ်။

"သားကြီးလားမသိဘူး"

ဇနီးဖြစ်သူက ပြောလိုက်တော့ ဦးဘသော်က မျက်စောင်းထိုးလိုက်တယ်။

"မင်းကလည်း ဖြစ်ချင်တာတွေပဲ ပြောနေတာ။ မန္တလေးနဲ့ လက်ပံလှဆိုတာ နည်းတဲ့ခရီးမှ မဟုတ်တာ။

"အဖေ၊ အမေ မြန်မြန်တံခါးဖွင့်ပါ။ အပြင်မှာအေးတယ်ဗျ"

အပြင်ဘက်က လူအုပ်ကြီးရဲ့ အော်သံကြောင့် ဦးဘသော်တို့ ရင်ထဲဝမ်းသာလုံးဆို့သွားတယ်။

"သားတွေ၊ မြေးတွေတော့"

ဇနီးဖြစ်သူက ပြောပြောဆိုဆို ထပြေးသွားတယ်။ ဦးဘသော်လည်း အနောက်ကနေ ပြေးလိုက်သွားတယ်။

(၅)

သံဃာတန်းကြီးကို ခေါက်ဆွဲကြော်ဘူးတွေ တစ်ဘူးပြီးတစ်ဘူး လောင်းရင်း ဦးဘသော်နဲ့ဇနီးဖြစ်သူရဲ့ပါးပြင်မှာတော့ မျက်ရည်တွေနဲ့။ စိတ်ထဲကလည်း သားတွေ သမီးတွေကို တော်တော်နောက်တဲ့ ကလေးတွေလို့ ပြောလိုက်မိတယ်။ သူ့တို့အမေမွေးနေ့မှာ အံ့အားသင့်သွားအောင်လို့ သူ့အမေဖုန်းဆက်ကတည်းက မောင်နှမတွေ တိုင်ပင်ထားကြတာတဲ့။ မောင်နှမတစ်တွေခွဲတမ်းချပြီး သူ့အမေရဲ့ မွေးနေ့လေးကို အမှတ်တရဖြစ်အောင် မွေးနေ့ကိတ်လေးရယ်၊ သံဃာတွေကို အရုဏ်ဆွမ်းအဖြစ် ခေါက်ဆွဲလောင်းဖို့ရယ်၊ ပြီးတော့ ရွာဦးကျောင်းဆရာတော်ကြီးကို အလှူငွေလှူဖို့ဆိုပြီး စီစဉ်ထားကြတာတဲ့။ ကြော်ဖို့၊ လော်ဖို့နဲ့ သူတို့ခဏတည်းဖို့က သူ့သူငယ်ချင်းအိမ်မှာ စီစဉ်ထားတာ။ သမီးကြီးကလည်း အလုပ်နဲ့ခရီးသွားတာမဟုတ်ဘဲ အဲဒီဆီကိုသွားတာတဲ့။

နှင်းမှုန်တွေနဲ့အတူ သံဃာတန်းကြီးကိုကြည့်ရတာ ပီတိတွေဖြစ်နေမိတယ်။ သားတွေ၊ သမီးတွေ၊ မြေးတွေကလည်း ပျော်ပျော်ရွှင်ရွှင်နဲ့။ ဇနီးဖြစ်သူကို ကြည့်လိုက်တော့လည်း ဝမ်းသာမှုမျက်ရည်တွေက စီးကျလို့။ ဦးဘသော်ရဲ့ စိတ်ထဲမှာလည်းဇနီးဖြစ်သူကို လုပ်ပေးချင်တဲ့ မွေးနေ့ပုံစံလေးလုပ်ပေးရတော့ ဝမ်းသာမှုက ပြောမပြနိုင်အောင်ဖြစ်နေမိတယ်။

"မိဘမျက်ရည်တစ်စက်၊ သားသမီးဆင်းရဲတစ်သက်တဲ့။ ဒါပေမယ့် မျက်ရည်တိုင်းတော့မဟုတ်ဘူး မေကြီးရေ၊ အခုမင်းတို့ငါတို့ကျတဲ့မျက်ရည်က ဝမ်းသာပီတိမျက်ရည်ကွ။ ငါတို့သားသမီးတွေမထိခိုက်ဘူး။ သွန်ချပစ်လိုက်။ မင်းရဲ့ မျက်ရည်တွေကို အားရပါးရသွန်ချပစ်လိုက်စမ်း"

ဦးဘသော်က ဇနီးဖြစ်သူကို ပြောရင်း ပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်လိုက်တယ်။ အဲဒီနောက်တော့ ဇနီးဖြစ်သူက မွေးနေ့ကိတ်မုန့်လေးနဲ့ ဦးဘသော်ရဲ့ မျက်နှာကိုသုတ်လိုက်တယ်။ သားတွေ သမီးတွေကလည်း ပျော်ရွှင်စွာနဲ့ပြိုင်တူ ဦးဘသော်တို့ကို ဝိုင်းသုတ်လိုက်တယ်။ ။

## အေးချမ်းသာစွပြာသိုလ

* လပြာသို ညင်းလေခလို့
နှင်းတွေကျ ရာသီခါ။
တောမြိုင်ယံ ပန်းစုံဖူး
ထူးတင့်သာယာ။
သဇင်ပန်းတို့ ငွေရောင်ဖြာ
နေခြည်မှာ လှပုံဆန်း။
ပန်းခွာညို အကြိုထောက်
နှင်းသောက်ပွင့်လန်း။

* စိမ့်စမ်းမြိုင် သာယာအေးလို့
ငှက်ကျေးတို့ သံစုံမြည်။
မြင်ရသူ စိတ်ရွှင်လန်း
စမ်းရေကကြည်။
မြောက်လေက တိုက်ခတ်ချီ
လရာသီ မကာရ။
နှင်းမှုန်တွေ ကွင်းပြင်ဖွေး
ချမ်းအေးပိုလှ။

* ရာသီချိန် နွဲ့ပျော်ကြ
ပွဲတော်က မြင်းခင်းသဘင်။
ရှေးရိုးရာ ယဉ်ကျေးမှု
ပြုကြနှစ်စဉ်။
ဇာတိသွေး ဇာတိမာန်ပေါ်လွင်
တိုင်းရင်းသားစုံလင် ပါဝင်မြဲ။
စည်းလုံးခြင်းကို သက်သေပြလို့
ကျင်းပဆင်နွှဲ။

ရွှေတိုး - ထုံးဘို

## စည်းလုံးခြင်းသည် အင်အား

✳ တိုင်းရင်းသားများ ချစ်ကြည်ပေ
ဥမကွဲ သိုက်မပျက် ပေါင်းစည်းနေ
တို့ပြည်တို့မြေ ထိန်းသိမ်းထား
ညီညွတ်မှုရဲ့စွမ်းပကား … ။

✳ စုပေါင်းအားနဲ့ တည်ဆောက်လျှင်
ဖွံ့ဖြိုးတိုးတက် ဝေစည်ပင်
ပြုံးပန်းပျော်ရွှင် အနာဂတ်
တူညီလှမ်းလို့ လက်ချင်းယှက်… ။

✳ ရှံ့ဗွက်နွံနစ် လမ်းဆိုးဝယ်
လှည်းဘီးကျွံလို့ ဆင်းတွန်းတယ်
တစ်ဦးတည်းရယ် တွန်းမရ
ပြိုင်တူတွန်းမှ လွတ်ကင်းကြ… ။

✳ ဥပမာပြ ဇာတ်လမ်းရယ်
မှတ်သားထိုက်လို့ လိုက်နာမယ်
အခက်အခဲဖြစ်ကွယ် စုပေါင်းအား
မလွဲမသွေ လိုမည်သား… ။

✳ တို့ညီနောင်များ သွေးချင်းတွေ
သွေးစည်းညီလို့ ခိုင်မြဲစေ
အေးချမ်းစွာလေ ရှေ့ဆက်ကြ
အောင်ပွဲများနဲ့ ဖွံ့ဖြိုးရ… ။

✳ ငြိမ်းချမ်းရေးရ ပျော်ရွှင်သနော်
တို့မျိုးဆက်များ အေးချမ်းသော်
နိုင်ငံတော်ဂုဏ် မြှင့်တင်လို့
စည်းလုံးစွာနဲ့ နေကြစို့ … … … ။

ဇင်မင်းစိုး (ဗိုလ်ကလေး)

ဆောင်းပါး

# ကျန်းမာကြံ့ခိုင်စေဖို့ရာ ကိုယ်လက်လှုပ်ရှား ကစားပါ

**ကောင်းသက်ကျော်**

အာရောဂျံ ပရမံ လာဘံ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး ဟုဆိုသည့်အတိုင်း အိမ်တစ်အိမ်တွင် မိသားစုဝင်အားလုံးကျန်းမာမှ ငွေအင်အား၊ လူအင်အား ကုန်ကျစရိတ်သက်သာပြီး စိတ်ချမ်းသာ၍ အဆင်ပြေပျော်ရွှင်နေမည်ဖြစ်သည်။ သာယာချမ်းမြေ့သော မိသားစုရိပ်မြုံတစ်ခုဖြစ်စေရန် မိသားစုဝင်တစ်ဦးတိုင်း၏ ကျန်းမာရေးကောင်းမွန်မှုသည် အလွန်အရေးပါ အရာရောက်ပေသည်။ လူတစ်ဦးတိုင်း ကျန်းမာစွာနေထိုင်ပါမှ ကိုယ်ကျိုးစီးပွား၊ နိုင်ငံ၏အကျိုးစီးပွားများကို အစွမ်းရှိသလို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ ထိုသို့ အစဉ်အမြဲကျန်းမာနေစေရန် အစားအသောက်သည်အရေးပါသကဲ့သို့ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ခြင်းဖြင့်လည်း ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်ပါသည်။

ကိုယ်လက်လှုပ်ရှား အားကစားလုပ်သောသူများသည် အားကစားမလုပ်သောသူများထက် သာ၍ပင် ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ကြသည်ကို တွေ့ရပါသည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ ထိရောက်သောကြောင့် ရောဂါဖြစ်မှကုသခြင်းထက် မဖြစ်ခင်က ကြိုတင်ကာကွယ်မှုများကို လုပ်ဆောင်ကြရပေမည်။ ကျန်းမာရေးနှင့်ညီညွတ်အောင် သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်ခြင်း၊ လူနေမှုဘဝပုံစံကို ပြောင်းလဲကျင့်သုံးခြင်းနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို နေ့စဉ်ပြုလုပ်သွားမည်ဆိုပါက နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သောရောဂါများကို ကြိုတင်ကာကွယ်နိုင်ပြီး ကောင်းကျိုးသုခများကို ရရှိနိုင်မည်ဖြစ်သည်။ ပြည်သူအားလုံး အစဉ်အမြဲ ကျန်းမာကြံ့ခိုင်နေစေရန်အတွက် ကိုယ်လက်လှုပ်ရှား အားကစားကို မဖြစ်မနေပြုလုပ်ကြရပေမည်။ အစားအသောက်ကို ချင့်ချိန်စားသုံးခြင်း၊ ကောင်းမွန်စွာ အိပ်စက်အနားယူခြင်းနှင့် လမ်းလျှောက်ခြင်းတို့သည် လူတစ်ယောက်၏ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော ဆေးသုံးပါးဖြစ်၍ မျှတစွာဆောင်ရွက်ကြရန်လိုသည်။

ယခုခေတ်တွင် နည်းပညာစွမ်းအားများ တိုးတက်မြင့်မားလာပြီး နောက်ဆုံးပေါ်လျှပ်စစ်ပစ္စည်းများ၊ ဆိုင်ကယ်များ၊ ဓိမ်ခံကားများ အမျိုးအစားစုံလင်စွာ ပေါများလာကြသည်။ ထိုသို့ ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အမျှ ဟိုနားသည်နား မိနစ်ပိုင်းခဏ လမ်းလျှောက်သွားရသည်ကိုပင် ပျင်းရိငြီးငွေ့လာကြတော့သည်။

အထိုင်များပြီး ကိုယ်လက်လှုပ်ရှားမှုနည်းပါးသည့်အတွက် ပင်ပန်းနွမ်းနယ်မှုများ၊ စိတ်ဖိစီးမှုများကို ဖြစ်ပေါ်စေပြီး လုပ်ငန်းခွင်၌ လန်းဆန်းတက်ကြွမှုမရှိဘဲ နှေးကွေးလေးလံနေတတ်ပါသည်။ ကျန်းမာရေးမကောင်းပါက ငွေအင်အားအပြင် လူနာပြုစုစောင့်ရှောက်ရန်အတွက် လူအင်အားပါ လိုအပ်ပါသည်။ ငွေကြေးဥစ္စာပြည့်စုံ၍ ပိုက်ဆံချမ်းသာသော်လည်း ကျန်းမာရေးမကောင်းပါက အရာရာအတွက် အဆင်မပြေဘဲ အချည်းအနှီးသာဖြစ်ပေမည်။ ကျန်းမာရေးချို့တဲ့ပါက လူ့ဘဝတွင် သက်တမ်းစေ့နေထိုင်နိုင်သည့် အခွင့်အရေးကိုလည်း ဆုံးရှုံးရမည်ဖြစ်ပါသည်။ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ လူသားအားလုံးအတွက် အဓိကအရေးကြီးဆုံးအချက်မှာ မိမိကိုယ်တိုင် ကျန်းမာအောင် နေထိုင်ရမည်သာဖြစ်သည်။ ကျန်းမာရေးကောင်းမွန်မှသာ မိသားစု၊ ပတ်ဝန်းကျင်နှင့် လုပ်ငန်းနယ်ပယ်များတွင် အစွမ်းရှိသလောက် ဂရုစိုက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ငွေကြေးအကုန်ကျခံကာ အဖိုးအခပေး၊ အချိန်ပေးပြီး အားကစားမလုပ်နိုင်သူများအနေနဲ့ တံမြက်စည်းလှည်းခြင်း၊ အဝတ်လျှော်ခြင်း၊ အိမ်သန့်ရှင်းရေးလုပ်ခြင်း၊ ပန်းကန်ဆေးခြင်းနှင့် အခြားသော အိမ်မှုကိစ္စများ ပြုလုပ်ခြင်းဖြင့် ကိုယ်လက်လှုပ်ရှားမှုကိုဖြစ်စေပါသည်။ အိမ်တွင် ဟိုနား ဒီနား လမ်းလျှောက်ခြင်း၊ လှေကားအတက်အဆင်း ပြုလုပ်ခြင်းနှင့် ကိုယ်ကာယကိုအသုံးပြုပြီးတောင်ယာလုပ်ကြသူများတွင်လည်း ကိုယ်လက်လှုပ်ရှားမှုကြောင့် သွေးလည်ပတ်မှုစနစ် အားကောင်းစေပြီး ကျန်းမာရေးအတွက် အကျိုးရလဒ်ကောင်းများကို ရရှိစေပါသည်။ ကိုယ်လက်လှုပ်ရှားအားကစားဟုဆိုရာတွင် နံနက်စောစောထပြေးခြင်း၊ စက်ဘီးစီးခြင်း၊ အလေးမခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ ဘောလုံးကန်ခြင်း၊ ရေကူးခြင်း၊ ကခုန်ခြင်း၊ လမ်းလျှောက်ခြင်း စသည့် အားကစားများလည်း အပါအဝင်ဖြစ်သည်။

ကိုယ်ခန္ဓာသန်စွမ်းစေဖို့.. စိတ်နှလုံးရွှင်လန်းစေဖို့.. သူငယ်ချင်းအပေါင်းသင်းများနဲ့ ပျော်ဖို့..ရွှင်ဖို့.. ကျန်းမာစေဖို့.. စောစောအိပ်လို့ စောစောထလို့ … စောစောလမ်းလျှောက်ကြပါစို့…ဆိုတဲ့ မြန်မာ့အသံ ရေဒီယိုမှ ဆောင်းနံနက်ခင်းတွင် ကြားရတတ်သည့် အဆိုပါသီချင်းသံကို နားဆင်ရလျှင် လမ်းလျှောက်ခြင်း၏ အနှစ်သာရကို ပိုမိုသိမြင်ခံစားလာမိသည်။ လမ်းလျှောက်ခြင်းသည် အားကစားအထောက်အကူပစ္စည်းမလို၊ အားကစားခန်းမကို သွားစရာလည်းမလိုဘဲ အလွယ်တကူပြုလုပ်နိုင်သော လေ့ကျင့်ခန်းတစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့် လူကြီး၊ လူလတ်၊ လူငယ် အသက်အရွယ်မရွေး ကျား/မ မရွေး လွယ်ကူစွာပြုလုပ်နိုင်သော ငွေကုန်ကြေးကျလည်းမရှိသော လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့် နံနက်စောစော လမ်းလျှောက်ခြင်း အလေ့အကျင့်ကောင်းကို လူတိုင်းလုပ်ဆောင်ကြရန်လိုပါသည်။ နေ့စဉ် နံနက်စောစောလမ်းလျှောက်သည့်အခါ လေကောင်းလေသန့်ကို ရှူရှိုက်ရသောကြောင့် စိတ်ကိုလန်းဆန်းစေပြီး ကြည်လင်သောအတွေး အမြင်ကိုရရှိစေသည်။ လမ်းလျှောက်ခြင်းသည် ဘာဆေးမှမှီဝဲစရာမလိုသော သဘာဝကျန်းမာရေး ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။ နေ့စဉ် နာရီဝက်ခန့် အချိန်ပေးပြီး လမ်းလျှောက်ခြင်းဖြင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိမည်ကို လူတော်တော်များများ သိနေကြသော်လည်း "လက်ရှိ ကျန်းမာရေးကောင်းနေ သောကြောင့် လမ်းလျှောက်ရန် မအားသေးဘူး" ဟု ပြောဆိုကြသူများလည်း များစွာရှိနေကြသေးသည်။

ကိုယ်လက်လှုပ်ရှားမှုကို ငယ်စဉ်ကလေးဘဝမှစပြီး ပြုလုပ်ရမည်ဖြစ်သည့်အတွက် အသက်အရွယ်အလိုက် လိုက်လျောညီထွေဖြစ်စေမည့် ပုံမှန်ကိုယ်လက်လှုပ်ရှားမှု အလေ့အထတစ်ခုခုကို အမြဲပြုလုပ်သွားကြရန်လိုအပ်ပါသည်။ အသက်အရွယ်ငယ်ချိန်တွင် ကိုယ်လက်လေ့ကျင့်ခန်းမလုပ်ဘဲ နေချင်သလိုနေ စားချင်သလိုစားပြီး လက်ရှိသာမာန် ဘဝအတိုင်းဖြတ်သန်းနေမည်ဆိုလျှင် အသက်အရွယ်ကြီးလာသည့်အခါတွင် ကျန်းမာရေး၏နောက်ဆက်တွဲဆိုးကျိုးများကို သိသိသာသာခံစားလာရမည်ဖြစ်ပါသည်။

လမ်းလျှောက်ခြင်းသည် ခန္ဓာကိုယ်အတွက် ကြံ့ခိုင်မှုများရရှိစေပြီး နှလုံးကိုလည်း ကျန်းမာစေသည့်အတွက် ကိုယ်ခံအားကောင်းစေသည်။ ကိုယ်ခံအားကောင်းမွန်သည့် လူတစ်ယောက်သည် အလွယ်တကူမဖျားနိုင်တော့သလို ဝင်လာသည့်ရောဂါပိုးများကိုလည်း တိုက်ထုတ်ပေးနိုင်သည်။ ထို့ကြောင့် ပုံမှန်ကိုယ်လက်လှုပ်ရှား လမ်းလျှောက်သူများသည် ကျန်းမာပြီး ဖျားနာမှု ပိုနည်းသည်ကိုလည်း တွေ့ရတတ်ပါသည်။

ကိုယ်လက်လှုပ်ရှားအားကစားဟု ဆိုလိုက်သည်နှင့် ကျွန်တော် အလယ်တန်းနှစ်က ကာယဆရာကြီး ဦးဝင်းမြင့်ကို မျက်စိထဲ ချက်ချင်းပင် ပြေးမြင်မိတော့သည်။ ဆရာကြီးကိုတွေ့ လိုက်လျှင် အမြဲသွက်လက်ဖြတ်လတ်နေပြီး မျက်နှာသည် ဘယ်အချိန်ကြည့်ကြည့် ပြုံးပြီးရွှင်ပျနေသည်။ စကားပြောလျှင် ပညာသားပါပါနှင့် ပြောတတ်ပြီး ဟာသဉာဏ်ရွှင်သော ဆရာကြီးနှင့် မျက်နှာချင်းဆိုင် ဆုံကြသည့်လူတိုင်း အလိုလို ပြုံးရွှင်လာကြသည်ဟု ပြောစမတ်ပြုကြရပါသည်။ ဆရာကြီးသည် ကျောင်းသား ကျောင်းသူများအချင်းချင်း ချစ်ခင်ရင်းနှီးမှုရှိစေရန်၊ လူငယ်မျိုးဆက်သစ်များကို ကျန်းမာကြံ့ခိုင်ပြီး တိုင်းပြည်အတွက်အားထားရသော လူငယ်ဝန်ထမ်းကောင်းများဖြစ်လာစေရန်၊ အားကစားစွမ်းရည်များ တိုးတက်လာစေရန်နှင့် စိတ်ဓာတ်ကောင်းမွန်ပြီး အနာဂတ်တွင် ဘက်ပေါင်းစုံထူးချွန်သော လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်ပြီး အမျိုးသားနေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ စသည့် နေ့ထူးနေ့မြတ်တွေရောက်တိုင်းလည်း ကျောင်းတွင် အထိမ်းအမှတ်ပွဲများ ကျင်းပပေးသလို အားကစားပြိုင်ပွဲများကိုလည်း အသင်းဖွဲ့များခွဲ၍သော်လည်းကောင်း အတန်းလိုက်စုပေါင်း၍သော်လည်းကောင်း ကျောင်းသား ကျောင်းသူများအားလုံးကို ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကစားစေပါသည်။

ဆရာကြီး ပင်စင်ယူပြီးသည့်တိုင် မနက်စောစောထပြီး လမ်းလျှောက်သောအလေ့အကျင့်ကို နေ့စဉ်ပြုလုပ်မြဲဖြစ်ပါသည်။ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းကြောင့် ရောဂါဘယများဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း၊ သက်ရှည်ကျန်းမာစေကြောင်း ကျေးရွာရှိလူများကို အမြဲနှလုံးသွင်း စည်းရုံးပြောကြားလေ့ရှိပါသည်။ ယခုဆိုလျှင် နံနက်စောစော နေခြည်နုနုလွှမ်းခြုံဖြာကျနေသော ရွာထိပ်တံတားဘေးရှိ မြက်ခင်းစိမ်းပေါ်တွင် ကိုယ်လက်လှုပ်ရှားအားကစားအသိဖြင့် ကျန်းမာရေးကို လိုက်စားကြသော အသက်အရွယ် အကြီး၊ အလတ်၊ အငယ် အရွယ်မျိုးစုံတို့သည် ဆရာကြီးနှင့်အတူ ကာယလေ့ကျင့်ခန်းများကို တက်ညီလက်ညီလုပ်နေကြသည်ကို တွေ့ရသည်။ ယခုလို နိုင်ငံတာဝန်ကို ကာယပညာဖြင့် နှစ်ပေါင်းများစွာ ကျေပွန်စွာ ထမ်းဆောင်ခဲ့သလို မိဘပြည်သူများကိုလည်း ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာပျော်ရွှင်သောဘဝကိုအစဉ်ရရှိစေရန် ရှေ့ဆောင်လမ်းပြပေးနေသည်ကို တွေ့မြင်ရလေတော့ ဝမ်းသာပီတိဖြစ်မိပါသည်။ ယခု ဆရာကြီး၏ အသက် ၈၀ ကျော်နေသည့်တိုင် ကျန်းမာသန်စွမ်းလျက်ရှိနေသည်မှာ နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများကြောင့်ပင်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း လုပ်ဆောင်ပေးကြရန် အဓိကလိုအပ်နေပါသည်။ ကိုယ်လက်လှုပ်ရှားအားကစားများ ပါဝင်ဆင်နွှဲကြခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် စည်းလုံးညီညွတ်မှုကိုရရှိစေသည့် အကျိုးရလဒ်များစွာ ဖြစ်ထွန်းစေပါသည်။ ယခုဆိုလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများပါ မကျန် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများမှာပါ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆင်နွှဲကြသည်ကိုတွေ့ရပါသည်။ လူငယ်မျိုးဆက်သစ်များအနေဖြင့်လည်း ကျန်းမာကြံ့ခိုင်ပြီး တိုင်းပြည်အတွက် အားထားရသော ဝန်ထမ်းကောင်းများ ဖြစ်စေရန် ကိုယ်လက်လှုပ်ရှားအားကစားကို မဖြစ်မနေ ပူးပေါင်းပါဝင် ပြုလုပ်သင့်ပါသည်။ ပြည်သူအားလုံး ကိုယ်လက်လှုပ်ရှား အားကစားများကို လုပ်ဆောင်ပြီး ကျန်းမာရေးလှုပ်ရှားမှုများတွင်လည်း အားလုံး တက်တက်ကြွကြွ ပါဝင်ဆင်နွှဲကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# မင်္ဂလာ

သိပ္ပံမောင်ဝ

နံနက်စောစောအိပ်ရာထသောအခါ မင်္ဂလာရှိသောအရာကို တွေ့မြင်ရလျှင် ကောင်း၏။ မင်္ဂလာရှိသောစကားကို ပြောကြားရလျှင် ကောင်း၏။ မင်္ဂလာရှိသောအကြောင်းကို ရေးသားရလျှင် ကောင်း၏ဟူ၍ လူကြီးများပြောကြားဖူးသောကြောင့် အိပ်ရာကထခါစ မင်္ဂလာရှိသောအကြောင်းကို ရေးသားရပေမည်။

မောင်ညွှန့်မောင်သည် တောသားဖြစ်လေ၏။ မောင်ညွှန့်မောင်တို့ နေထိုင်ရာရွာကို ပဲခူးမြို့မှလှည်းဖြင့် တစ်နေ့သွားမှရောက်လေသည်။ မောင်ညွှန့်မောင်၏ဖခင်ကား ရွာသူကြီးတည်း။

ယခုခေတ်တွင် မီးရထားလမ်း၊ မော်တော်ကားလမ်း၊ သင်္ဘောလမ်းတို့မှာ နေရာတကာပေါက်နေပြီဖြစ်သောကြောင့် တစ်နေရာနှင့် တစ်နေရာ အလွယ်တကူသွားလာနိုင်၏။ စာတို့၊ သတင်းစာ၊ မဂ္ဂဇင်းတို့ကို တစ်နေရာမှတစ်နေရာသို့ အလွယ်တကူပေးနိုင်၏။ သို့ဖြစ်သောကြောင့် မြို့ကလူများသည် တောသို့မကြာမကြာရောက်၊ တောကလူများလည်း မြို့သို့မကြာမကြာရောက်၊ မြို့တွင် ထုတ်ဝေသော သတင်းစာ၊ မဂ္ဂဇင်းတို့လည်း နေရာအရပ်ရပ်သို့ မှန်မှန်ရောက်ကြ၏။ မြို့ကအကြောင်း တောကသိ၊ တောကအကြောင်းလည်း မြို့ကသိနှင့် အထူးပင်ဗဟုသုတတိုးပွားလျက် နေကြလေသတည်း။

မောင်ညွှန့်မောင်တို့၏ဖခင် ရွာသူကြီးဦးနောင်ကလေးသည် သတင်းစာ၊ မဂ္ဂဇင်းတို့ကို အထူးဂရုစိုက်ကာ ဝယ်ယူကြည့်ရှုလေ့ရှိ၏။ ထို့ကြောင့် အခြားရွာသူကြီးတို့ထက် ဦးနောင်ကလေးမှာ ဗဟုသုတ အလွန်များပြားလေသည်။

မြို့အုပ်မင်း၊ နယ်ပိုင်ဝန်ထောက်မင်းတို့ နယ်လှည့်ထွက်လာကြသောအခါများတွင်လည်း တိုင်းရေးပြည်ရေး၊ စီးပွားရေး၊ ပညာရေးတို့အကြောင်း ကောင်းစွာပြောပြနိုင်သောကြောင့် မြို့အုပ်မင်း၊ နယ်ပိုင်ဝန်ထောက်မင်းတို့မှာ ဦးနောင်ကလေးအား အထူးချီးမွမ်းကာ အထက်အရာရှိကြီးများသို့ပင် စာရေးသားလေ့ရှိကြ၏။

သတင်းစာကို မှန်မှန်ဖတ်သူဖြစ်သောကြောင့် ဘီအေအောင်သူတို့ မြို့အုပ်ဖြစ်သွားကြ၊ ဝန်ထောက်ဖြစ်သွားကြသည်ကို မကြာမကြာ သတင်းစာထဲတွင် တွေ့မြင်ရသောအခါ မိမိသား မောင်ညွှန့်မောင်လည်း ထိုသူကဲ့သို့ ဘီအေအောင်လျှင် မြို့အုပ်၊ ဝန်ထောက်ဖြစ်မည်ဟူ၍ စိတ်ကူးမိ၏။

ထိုသို့စိတ်ကူးမိသည့်အတိုင်း မိမိရွာနှင့်အနီးဆုံးဖြစ်သော မြို့တစ်မြို့ရှိ အင်္ဂလိပ်ကျောင်းတွင် ကျောင်းအိပ်ကျောင်းစားထား၏။

မောင်ညွှန့်မောင်လည်း ခုနစ်တန်းရောက်သည့်တိုင် ရိုးရိုးသားသား အကြွားအဝါမရှိ တောသားပီပီနေထိုင်ပြီးလျှင် စာကိုသာ ကြိုးစား၍သင်သောကြောင့် ခုနစ်နှစ်အတွင်း ခုနစ်တန်းအောင်မြင်ခြင်းသို့ ရောက်၏။

အဖေဖြစ်သူ ဦးနောင်ကလေးလည်း မိမိသား၏ ပညာအစွမ်းကို သိရှိရသောအခါ အလွန်အားတက်ပြီးလျှင် ရွာထဲတွင် မိမိသား၏ အကြောင်းကို ခဏခဏပင်ပြောကြားလေ့ရှိ၏။ သတင်းစာထဲတွင် မိမိသား ခုနစ်တန်းအောင်မြင်ကြောင်းကို တွေ့မြင်ရသောအခါတွင်လည်း အားရနှစ်သက်ခြင်းဖြစ်လှသောကြောင့် ရွာထဲတွင်ရှိသော လူကြီးများကိုဖိတ်၍ လက်ဖက်ရည်တိုက်ပြီးလျှင် သတင်းစာကို ဖတ်ပြ၏။ ရွာသားအပေါင်းလည်း နှစ်ထောင်းအားရဝမ်းမြောက်ကြ၏။ သြဘာပေးကြ၏။ လက်ခုပ်လက်ဝါးတီးကြ၏။

နောက်တစ်နေ့တွင် မောင်ညွှန့်မောင် ခုနစ်တန်းအောင်ကြောင်းကို တစ်ရွာလုံးကျော်၍သွား၏။

ခုနစ်တန်းအောင်ပြီးသော် ကျောင်းဆက်လက်၍နေပြန်၏။ သို့သော် ရှေးအောက်တန်းများမှာကဲ့သို့မဟုတ်။ အလည်အပတ် နှောက်၍လာ၏။ စာကျက်ခြင်းကိုလည်း ရှေ့ကကဲ့သို့မပြုတော့ချေ။ ကြွားကြွားဝါဝါလည်း ပြုလုပ်တော့၏။ ကျောင်းတွင် အတူနေထိုင်ကြသော မြို့ကြီးသားတို့၏အတုကိုလိုက်ကာ ကြွားဝါစပြု၍လာ၏။ အဝတ်အစားဆိုသည်မှာလည်း မြို့သားများကဲ့သို့ပင် ဝတ်စားစပြု၍လာ၏။

ဦးနောင်ကလေးထံမှ ငွေမကြာမကြာမှာ၏။ ဦးနောင်ကလေးလည်း စိတ်ညစ်စပြု၍လာ၏။ သို့သော် ငွေမည်မျှပင်ကုန်စေကာမူ သားမြို့အုပ်ဖြစ်လျှင် ကျေနပ်ပေပြီဟု စိတ်ကိုဆုံးဖြတ်ထား၏။ သားမှာသလောက် ငွေကိုပေး၏။ အဖေပေးသလောက် ငွေကိုဖြုန်း၏။ စာဘက်က ဆုတ်ယုတ်စပြု၍လာလေသတည်း။ ကိုးတန်းတွင် တစ်နှစ်ကျ၏။ (၁၀) တန်းတွင်ကား နှစ်နှစ်မျှကျဆုံးပြန်၏။ သုံးနှစ်မြောက်သောနှစ်တွင် အောင်မြင်၏။

ဆယ်တန်းအောင်ပြီးသော် ကောလိပ်ကျောင်းသို့ လွှတ်ရန်ကျန်သေး၏။ ကောလိပ်ကျောင်းတွင် သုံးဆောင်ရန် အသုံးအဆောင်၊ အဝတ်အစားဝယ်သည်မှာ ငွေမြောက်မြားစွာကုန်၏။ ဦးနောင်ကလေးလည်း ရှိသမျှကုန်၍ မလောက်သဖြင့် မိမိလက်တွင်းရှိ ယာမြေတစ်ခုကိုပင် ပေါင်၍ပေးရ၏။ ကောလိပ်ကျောင်းရောက်၍ ၁၀ ရက်ခန့် ကြာပြန်လျှင် ငွေမှာပြန်၏။ ပို့ရပြန်၏။ ရက် ၂၀ ခန့် ကြာလျှင် မှာပြန်၏။ တစ်လအတွင်း သုံးခါတိုင်တိုင်မှာ၏။ ဤနည်းအတိုင်းပင် သုံးလခန့် မှာ၏။ သီတင်းကျွတ်ကျောင်းပိတ်သောအခါ အိမ်သို့ပြန်လာရာ ရွာထဲတွင် နေထိုင်ကြသူ ရွာသူရွာသားတို့အနက် မောင်ညွှန့်မောင်အား မှတ်မိသူအလွန်ရှားကြ၏။ မြို့အုပ်သစ်တစ်ယောက် ရွာသူကြီးအိမ်သို့ ရောက်လာသည်။ ဝန်ထောက်တစ်ယောက် ရွာသူကြီးအိမ်သို့ ရောက်လာသည် စသဖြင့်ပြောကြ၏။

မောင်ညွှန့်မောင်မှာ ရှေးကတောသား မောင်ညွှန့်မောင် မဟုတ်တော့ချေ။ မြို့ကြီးသား မောင်ညွှန့်မောင်ဖြစ်၍နေပေ၏။ ရွာသူရွာသားအပေါင်းလည်း မောင်ညွှန့်မောင်အကြောင်း ပြော၍မဆုံးနိုင်အောင် ရှိနေကြ၏။ အချို့က မောင်ညွှန့်မောင်အား ချီးမွမ်းကြ၏။ မြို့ဟန်မြို့ပန်ကိုရသည်။ အလွန်နေရာကျသည်။ အလွန်တော်သည်ဟူ၍ ဆိုကြ၏။

အချို့ကမူကား မောင်ညွှန့်မောင် ပျက်ပြီ။ မြို့ရောက်၍ မြို့ဟန်ရလာပြီး တောသားနှင့်ပင်မတူတော့ပြီ။ တောသားရဲ ဆွဲထုတ်ဆိုသလို ဖြစ်နေမှာစိုးရသည် စသည်ဖြင့် တီးတိုးစကားပြောကြားကြ၏။

ကျောင်းဖွင့်လျှင် ကျောင်းသို့ ပြန်သွား၏။ စာမေးပွဲပြုလုပ်သောအခါလည်း စာမေးပွဲ မအောင်၊ စာမေးပွဲ မအောင်သောကြောင့် စိတ်ပြေလက်ပြေ မိတ်ဆွေများနှင့် မြန်မာပြည်တွင်း လျှောက်လည်ရန်အတွက် ငွေတင်ပို့လိုက်ပါဟု ဖခင်ဖြစ်သူ ဦးနောင်ကလေးထံ ငွေမှာ၏။ ဦးနောင်ကလေးလည်း မိမိလက်တွင် ရွှေလည်းမရှိ။ ပေါင်နှံစရာလည်း မရှိသောကြောင့် အကြံအိုက်လျက်နေ၏။

ယခုခေတ်တွင် မီးရထားလမ်း၊ မော်တော်ကားလမ်း၊ သင်္ဘောလမ်းတို့မှာ
နေရာတကာပေါက်နေပြီဖြစ်သောကြောင့်
တစ်နေရာနှင့် တစ်နေရာ အလွယ်တကူသွားလာနိုင်၏။
စာတို့၊ သတင်းစာ၊ မဂ္ဂဇင်းတို့ကို တစ်နေရာမှတစ်နေရာသို့ အလွယ်တကူပေးနိုင်၏။
သို့ဖြစ်သောကြောင့် မြို့ကလူများသည် တောသို့မကြာမကြာရောက်၊ တောကလူများလည်း
မြို့သို့မကြာမကြာရောက်၊ မြို့တွင်ထုတ်ဝေသော သတင်းစာ၊ မဂ္ဂဇင်းတို့လည်း
နေရာအရပ်ရပ်သို့ မှန်မှန်ရောက်ကြ၏။ မြို့ကအကြောင်း တောကသိ၊
တောကအကြောင်းလည်း မြို့ကသိနှင့် အထူးပင်ဗဟုသုတတိုးပွားလျက်နေကြလေသတည်း

အတန်ကြာမှ အကြံတစ်ခုရလာသည်။ ရလာပုံကား မိမိရွာ အရှေ့ဘက် တောင်ပခုံးရွာသူကြီး ဦးနီသည် အလွန်ချမ်းသာသူဖြစ်လေသည်။ ၎င်း၏သမီးမှာလည်း အတော်အသင့်နေရာကျ၏။ ဦးနီကလည်း သူ၏သမီးနှင့် မောင်ညွှန့်မောင်ကို လက်ဆက်ရန် စကားလက်စရှိ၏။

ဦးနီနှင့် စကားကြောင်းလမ်းထားပြီးလျှင် မောင်ညွှန့်မောင်အား ကျောင်းစရိတ်ထောက်ရန် ပြောမည်ဟူသော အကြံကိုရသတည်း။

ချက်ချင်းပင် ရွာသူကြီး ဦးနီထံသို့သွား၍ အကျိုးအကြောင်းကို ပြောပြ၏။ ရွာသူကြီး ဦးနီလည်း မောင်ညွှန့်မောင်နှင့် မိမိသမီးကို ရှေးကပင် သဘောတူရင်းစွဲရှိသောကြောင့် ချက်ချင်းပင် စကားသေချာလိုက်ပြီးလျှင် ငွေ ၂၀၀ ထုတ်၍ပေးလိုက်သတည်း။ ဦးနောင်ကလေးလည်း အားရဝမ်းသာ ငွေ ၂၀၀ ပိုက်ကာ အနီးအနားရှိ မြို့ကလေးတစ်မြို့သို့သွားပြီးလျှင် သားထံသို့ ငွေ ၂၀၀ တင်ပို့လိုက်လေ၏။

ဆယ်ရက်ခန့် ကြာသောအခါ မောင်ညွှန့်မောင် ရွာသို့ပြန်ရောက်လာ၏။ ဦးနောင်ကလေးလည်း မိမိသားအား ဦးနီသမီးနှင့်ကြောင်းလမ်းထားသောအကြောင်းကို ပြောပြလေ၏။ မောင်ညွှန့်မောင်လည်း ဒေါသပြင်းစွာထွက်၍ တောသူအနုပ်အချာကို မလိုချင်ဟု ငြင်းပယ်၏။ ဦးနောင်ကလေးလည်း အကြောင်းစုံကို ထုတ်ဖော်ဖွင့်ဟကာ သနားစရာတောင်းပန်ရှာ၏။ ဖခင်အား သနားသောကြောင့် ယူပါမည်ဟု ကတိပေးလိုက်ရလေသတည်း။

သို့သော် တောတွင် မင်္ဂလာဆောင်ရသော်လည်း မြို့မှာကဲ့သို့ အကမ်းအလှမ်းနှင့် ခမ်းခမ်းနားနား လုပ်ရမှယူမည်ဟု ပြောကြား၏။ ဦးနောင်ကလေး သဘောတူလိုက်၏။

များမကြာမီ သူကြီးဦးနောင်ကလေး၏သား ကောလိပ်ကျောင်းသား ပညာရှိမောင်ညွှန့်မောင်နှင့် သူကြီးဦးနီ၏သမီး မခင်လေးတို့၏ မင်္ဂလာဆောင်ကို အရွှာရွှာကျော်အောင် ကျင်းပပြုလုပ်လေသတည်း။

ထိုမင်္ဂလာဆောင်သို့ လာရောက်ချီးမြှင့်သူတို့အား ထမင်းစား သံဇလုံတစ်လုံးစီကမ်းလှမ်း၏။ မျက်နှာကြီးသားသမီးတို့၏ မင်္ဂလာဆောင်ဖြစ်သောကြောင့် ခန်းဝင်လက်ဖွဲ့ပစ္စည်းတို့လည်း မြောက်မြားစွာရသဖြင့် တစ်အိမ်လုံးတင်ထားစရာနေရာပင် မရှိသလောက်ဖြစ်၏။

မင်္ဂလာဆောင်ပြီးလျှင် ရွာခေါင်းဦးတာတေက လက်ဖွဲ့သော ပစ္စည်းစာရင်းကို ဖတ်၍ပြလေ၏။

၎င်းစာရင်းကား အောက်ပါအတိုင်းပင်တည်း။ သတို့သား၏ ဦးလေး ဦးနောင်ထွေးက လှည်းတစ်စီးနှင့် နွားပြာတစ်ရှဉ်း၊ ဦးကြီး ဦးနောင်ကြီးက မြင်းတစ်ကောင်၊ ထွေးလေးဒေါ်ရွှေမိက နွားမကြီးတစ်ကောင်၊ အဒေါ် ဒေါ်ငြိမ်းအောင်က နွားပေါက်ကလေး နှစ်ကောင်၊ သတို့သား၏ ညီအစ်ကိုတော် မောင်မောင်စံရှင်းက စပါးတင်း ၂၀၊ မောင်အောင်မြင့်က ကောက်ညှင်းတင်း ၂၀၊ ရွာခေါင်း ဦးတာတေက ငှက်ကြီးတောင်ဓား တစ်လက်၊ ရွာဆော် ဦးတာက မြင်းကုန်းနှီး တစ်ခု၊ ရွာစာရေးဦးထွန်းက လက်ဖက်ရည် ပန်းကန်လုံး လေးလုံး၊ ပန်းကန်ပြား လေးချပ်၊ ရွာကော်မတီ ဦးဘိုး၊ ဦးတိုး၊ ဦးတာရဲ၊ ဦးညီမောင်တို့က ငွေ ရှစ်ကျပ်၊ ရွာသမာဓိများက ညောင်ဦးတွင်မှာလုပ်သော ကွမ်းအစ်တစ်လုံး၊ သတို့သားအဘိုးနှင့် အဘွားတို့က လယ်နှစ်ဧက၊ လူပျိုခေါင်းမောင်နက်က တင်းတောင်း တစ်လုံး၊ အပျိုခေါင်း ဒေါ်မိနှင်းက ထမင်းစားပန်းကန်ပြားလေးချပ်၊ ပန်းကန်လုံးလေးလုံး၊ ရွာကျောင်းဆရာမ မစောရီက စာအုပ်တစ်အုပ်၊ ဖောင်တိန်တစ်ချောင်း၊ ဘုန်းတော်ကြီးဦးဇဝန၏ကပ္ပိယ မောင်ကန်ရေးက ကန်တော့ပွဲ တစ်ပွဲ၊ ကာလသားတစ်စုက ရွှေဖီမိုးလွှတ် လက်ဖက်ခြောက် တစ်ပိဿာ၊ ကာလသမီးများက သင်ဖြူးဖျာ နှစ်ချပ်၊ ဝံသာနုအသင်းသားများက ပင်နီအုပ် တစ်အုပ်၊ ယောပုဆိုး တစ်ထည်။

သတို့သမီးအတွက် ရွာသူရွာသားတို့ပေးသော လက်ဆောင်ပစ္စည်းစာရင်း။ သတို့သမီး ဦးလေး ဦးသီက တစ်ရာတန် အိမ်တစ်ဆောင်၊ ဦးကြီးဦးမှိုက တစ်ရာတန် ကျွဲတစ်လုံး၊ ဒေါ်ကြီး ဒေါ်မိန်းကလေးက လယ်မြေ တစ်ဧက၊ ဒေါ်လေး ဒေါ်ဖွားက နွားပေါက် နှစ်ကောင်၊ သတို့သမီးမောင် မောင်ခင်ထွေးက စားပွဲတင်နာရီ တစ်လုံး၊ အစ်ကို မောင်သူက စပါးတင်း ၂၀၊ ရွာဆော် ဦးတာက ဆန်ဖွပ်သော မောင်းတစ်လုံး၊ ရွာစာရေး မောင်ညီက စဉ့်အိုးကြီး နှစ်လုံး၊ ရွာခေါင်း ဦးအောင်က ထမင်းစားခုံ တစ်ခု၊ ရွာကျောင်းဘုန်းတော်ကြီး ဦးဝိဇယ၏ကပ္ပိယ မောင်သောင်းက လက်ဖက်ရည်ကရား တစ်လုံး၊ သံဇလုံ တစ်လုံး၊ သံပန်းကန်ပြား နှစ်ချပ်၊ ကာလသားခေါင်း မောင်အုံးက အုန်းသီး ၁၆ လုံး၊ ငှက်ပျော တစ်ခိုင်၊ ပုဆိန် တစ်လက်၊ အပျိုခေါင်း ဒေါ်အိက ယပ်တောင် ငါးခု၊ ငါးပိ လေးပိဿာ၊ ကျောင်းဆရာ မောင်စံညီက ငါးဘတ်ငါးပိကောင် ငါးပိဿာ၊ ရွာကော်မတီတို့က ရွှေဒင်္ဂါးတစ်ပြား၊ သမာဓိတို့က ဆန်နှစ်တင်း၊ ကာလသမီးတို့က ဆီတစ်ပုံး။

လက်ဖွဲ့သော စာရင်းကို ဦးတာတေက အသံကျယ်ကျယ်ဖြင့် ဖတ်ပြသောအခါ အားလုံးကပင် အားရဝမ်းသာ လက်ခုပ်လက်ဝါးတီးကြလေသတည်း။ မင်္ဂလာဆောင်ပြီးစီး၍ အသီးသီးပြန်လာကြသောအခါ အချင်းချင်း ငါတို့ယောက်ျားဘက်က လက်ဖွဲ့တာများသည်၊ ငါတို့မိန်းမဘက်က လက်ဖွဲ့တာများသည် စသည်ဖြင့်အငြင်းအခုံဖြစ်ကြလေသတည်း။ ။

**၁၉၃၁ ခုနှစ်၊ စက်တင်ဘာ၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း။**




## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် မြို့ပတ်တာဝေးအပြေးပြိုင်ပွဲ ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၄**

ကိုယ်လက်ကြံ့ခိုင်ရေး အားကစားလှုပ်ရှားခြင်းဖြင့် တစ်ဦးတစ်ယောက်ချင်းမှသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်၍ ကိုယ်စိတ်နှလုံးကျန်းမာရွှင်လန်းစေရန်ရည်ရွယ်၍ ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အသက်(၁၈)နှစ်အောက် အမျိုးသား အမျိုးသမီး မြို့ပတ်တာဝေးအပြေးပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်းရှေ့၌ ကျင်းပသည်။



**စုပေါင်းလမ်းလျှောက်**

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီးဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သူနာပြုသင်တန်းကျောင်းနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဘားအံမြို့ပေါ်ရပ်ကွက်ရှိ တိုင်းရင်းသားပြည်သူများ စုစုပေါင်း ၃၂၅၅ ဦးခန့်သည် သီရိလမ်း၊ ယဉ်ကျေးမှုပြတိုက်လမ်း၊ ကန်သာယာကန်ပတ်လမ်း၊ ချစ်သူလမ်းကြား၊ ကျော်ဇေယျလမ်း၊ ဆေးရုံလမ်း၊ ထိုမှတစ်ဆင့် သီရိလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သီရိကွင်းအတွင်း ဝင်ရောက်ကာ အကြောလျှော့လေ့ကျင့်ခန်းများ ဆောင်ရွက်၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ် အတွဲအမှတ်(၁)နှင့် အမှတ်(၂)တို့ကို စုပေါင်းဆောင်ရွက်ကြသည်။ စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ယှဉ်နွှဲသူများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့က နံနက်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

အလားတူ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အသက်(၁၈)နှစ်အောက် အမျိုးသား အမျိုးသမီး မြို့ပတ်တာဝေး အပြေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်းရှေ့၌ ကျင်းပရာ အမျိုးသား ၁၆၉ ဦးနှင့် အမျိုးသမီး ၅၆ ဦး စုစုပေါင်းအားကစားသမား ၂၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သေနတ်ပစ်ဖောက်တာလွှတ်ပေးခဲ့သည်။

မြို့ပတ်တာဝေးအပြေးပြိုင်ပွဲမှ အမျိုးသား အမျိုးသမီး အားကစားသမားများသည် ဘားအံမြို့ သီရိလမ်း၊ ဆေးရုံလမ်း၊ တန်းမြင့်ကျောင်းလမ်း၊ ဗိုလ်ချုပ်လမ်း၊ အဓိပတိလမ်း၊ သိမ်တော်ကြီးလမ်း၊ အထက(၄)ကျောင်းလမ်းမှတစ်ဆင့် သီရိလမ်းအတိုင်း အကွာအဝေး ၁၀ ကီလိုမီတာ မိုင်အားဖြင့် ၅ မိုင်ခန့်အား အကြိတ်အနယ် ယှဉ်ပြိုင်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အမျိုးသမီးမြို့ပတ်တာဝေးအပြေးပြိုင်ပွဲ နှစ်သိမ့်ဆုရရှိသူများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်ခင်စိမ်းဝင်းက အထူးဆုရရှိသူများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက ပဉ္စမဆုနှင့် စတုတ္ထဆုရရှိသူများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းဘေဘီမြင့်က ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ငွေသားဆုနှင့် ဆုဖလားတို့ကိုလည်းကောင်း၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီး ဦးညွန့်လင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစိုးလွင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က အမျိုးသား မြို့ပတ်တာဝေးအပြေးပြိုင်ပွဲနှစ်သိမ့်ဆုရရှိသူများကိုလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က အထူးဆုရရှိသူများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပဉ္စမ၊ စတုတ္ထ၊ တတိယ၊ ဒုတိယနှင့် ပထမဆုရရှိသူများအား ငွေသားဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် ယနေ့ကျင်းပသည့် မြို့ပတ်တာဝေး အပြေးပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ဆုပေါင်း ၈၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■

## လွိုင်လင်ခရိုင် မြို့နယ်ပေါင်းစုံ ကျောင်းသားအားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**လွိုင်လင် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အထက(၁)ကျောင်း ဘောလုံးကွင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ခရိုင်အဆင့် ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင် တက်ရောက်၍ အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**အဖွင့်အမှာစကား ပြောကြား**

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းဝင်ရောက်နေရာယူပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးမှူးအား စစ်ကြောင်းမှူးက ပြိုင်ပွဲဝင်အားကစားအသင်းများအပ်နှံခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများ ဆောင်ရွက်ပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လွိုင်လင်ခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါက်တာမြင့်မြင့်အေးက ကျောင်းသားအားကစားပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ စစ်ကြောင်းမှူးက ဦးဆောင်၍ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။



ဆက်လက်၍ သရုပ်ပြဖျော်ဖြေရေးအစီအစဉ်တွင် လွိုင်လင်မြို့ အထက(၁) နှင့် အထက(၂)မှ ကျောင်းသား ကျောင်းသူများက မြန်မာ့သိုင်းသရုပ်ပြခြင်း၊ လွိုင်လင်မြို့ပေါ်ရှိ အထကကျောင်း၊ အလက ကျောင်းများမှ ကျောင်းသူလေးများက Fitness Dance သရုပ်ပြဖျော်ဖြေကြသည်။

အဆိုပါ လွိုင်လင်ခရိုင် မြို့နယ်ပေါင်းစုံ ကျောင်းသားအားကစားပြိုင်ပွဲတွင် လွိုင်လင်၊ နမ့်စန်၊ ကွန်ဟိန်း၊ လဲချား၊ မိုင်းကိုင်၊ မိုင်းရှူး၊ ကျေးသီးမြို့နယ်များမှ ကျောင်းသား ကျောင်းသူ ၄၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တောင်သူများသို့ သွင်းအားစု ယူရီးယားဓာတ်မြေဩဇာ ပေးအပ်

**ဘိုကလေး ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် လုပ်ငန်းကြီးကြပ်မှုကော်မတီက နွေစပါးစိုက်တောင်သူများအား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစု ဓာတ်မြေဩဇာပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ဘိုကလေးမြို့နယ်ရှိ ရွှေလီဓာတ်မြေဩဇာသိုလှောင်ရုံ၌ ကျင်းပခဲ့သည်။

ဓာတ်မြေဩဇာပေးအပ်ပွဲတွင် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့် ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးအေးခိုင်တို့က အဖွင့်အမှာစကားနှင့် ဓာတ်မြေဩဇာပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ နွေစပါးစိုက်တောင်သူများအား သွင်းအားစု ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ခဲ့သည်။ မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီအနေဖြင့် ဓာတ်မြေဩဇာများအား ပေးအပ်ရာတွင် တစ်ဧကလျှင် နှစ်သိန်းကျပ်နှုန်းဖြင့် ညီမျှသော သွင်းအားစုဓာတ်မြေဩဇာကို အတိုးမဲ့ထုတ်ပေးပြီး စပါးပေါ်ချိန်မှ သာလျှင် ပေါက်ဈေးအတိုင်း ပြန်လည်ပေးဆပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇလွန်မြို့နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသွင်းအားစုပေးအပ်ပွဲ ကျင်းပ



ဇလွန် ဒီဇင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သောသွင်းအားစု ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာနှင့် ယူရီးယားမြေဩဇာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သွင်းအားစု ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာနှင့်ယူရီးယားမြေဩဇာ ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက( Contract Farming ) ဆောင်ရွက်သည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တောင်သူများအား အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သွင်းအားစုများကို တောင်သူများထံသို့ ပေးအပ်ခဲ့ကြပြီး အစုအဖွဲ့ကိုယ်စားလှယ်များနှင့် လုပ်ငန်းကြီးကြပ်မှုကော်မတီတို့ စာချုပ်ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)

❖



# လပွတ္တာမြို့နယ် ကန့်ဘလာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

လပွတ္တာ ဒီဇင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ထင်းပုံကွင်းကျေးရွာအုပ်စု ကန့်ဘလာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူ၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့် အတူ ကန့်ဘလာကျေးရွာတွင် အရှည် ပေ ၁၂၀၀၊ အကျယ် လေးပေ၊ ဒု ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကန့်ဘလာကျေးရွာတွင် အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ ၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၂ သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ဒုတိယအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂

# မလှိုင်မြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ

မလှိုင် ဒီဇင်ဘာ ၂၄

မန္တလေး တိုင်းဒေသကြီး မလှိုင်မြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတု လွတ် လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာဖွံ့ဖြိုးရေး (VDP)စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ရေနီကျေးရွာအုပ်စု ကံကလေးကျေးရွာတွင်း နှစ်ဘီးသွား ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က အဆိုပါ လမ်းပေါ်ရှိ ဖွင့်ပွဲဆိုင်းဘုတ်ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အဖွင့်အမှာစကားပြောကြားသည်။



ယင်းနောက် မင်္ဂလာအချိန်တွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဌေးသန်း ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစု၊ ကံကလေးကျေးရွာတာဝန်ခံ ဦးဘိုရွှေနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးမာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာတာဝန်ခံတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လမ်းသစ်အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်းသစ်မှာ နှစ်ဘီးသွားကွန်ကရစ်လမ်း ဖြစ်ပြီး လမ်းအရှည်မှာတစ်ဖက်လျှင် အလျားပေ ၆၅၀၊ အနံသုံးပေ၊ ဒု ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းနှစ်ဖက်ခင်းခြင်းဖြစ်၍ စုစုပေါင်း လမ်းအရှည်မှာ ပေ ၁၃၀၀ ရှိကြောင်း သိရသည်။

မြထွန်း(မလှိုင်)

# မိုင်းလားမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်နေမှု စစ်ဆေး



မိုင်းလား ဒီဇင်ဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာပင်းကျေးရွာအုပ်စု ပန်ယောင်းကျေးရွာနှင့် ဝမ်ကန်ကျေးရွာတို့တွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ဒီဇင်ဘာ ၂၂ ရက်က ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်လွင်ဦး၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးစိုင်းစိုးစိုး၊ မိုင်းလားခရိုင် ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ရှိသူများသည် ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ပန်ယောင်းကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၉၂ သိန်းဖြင့် အရှည်ပေ ၅၂၈၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဝမ်ကန်ကျေးရွာတွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၃၉၄ သိန်းဖြင့် အရှည်ပေ ၅၂၈၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၂၂



# လှည်းကူးမြို့နယ်၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

လှည်းကူး ဒီဇင်ဘာ ၂၄

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထုကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင် ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ဒီဇင်ဘာ အားကစားလ စတုတ္ထပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီက ကျင်းပရာ လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လှည်းကူးပညာရေးဒီကရီကောလိပ်မှ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက စုရပ်အဖြစ် သတ်မှတ်ထားသော လှည်းကူးမြို့မဈေးကြီးရှေ့မှ စတင်ကာ လှည်းကူးမြို့နယ် အားကစားကွင်းသို့ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး မြို့နယ်အားကစားကွင်း၌ ကျန်းမာရေးအတွက် ကိုယ်လက်ကြံ့ခိုင်ရေး သွေးပူလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

❍ AFF Cup မှ

ဂိုးများ အပြန်အလှန်သွင်းယူနိုင်သော်လည်း ခံစစ်ပိုင်းအမှားများကြောင့် ဂိုးပြန်ပေးရကာ အရေးနိမ့်ခဲ့ရသလို တိုက်စစ်ပိုင်းကလည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးအချို့နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်း နည်းပြချုပ် အန်တွမ်နီဟေးသည် မလေးရှားနှင့်ကစားခဲ့သည့် ပထမပွဲမှ ပွဲထွက်လူစာရင်းကို သုံးဦးသာ ပြောင်းလဲခဲ့ပြီး မျိုးမင်းလတ်(ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ၊ သီဟထက်အောင်၊ နန္ဒကျော်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ လင်းထက်စိုး၊ မောင်မောင်လွင်၊ ဟိန်းထက်အောင်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့သည်။

အိမ်ရှင် စင်ကာပူအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ၁၅ မိနစ်တွင် မြန်မာအသင်းက ပွဲကို ထိန်းချုပ်နိုင်ပြီး အပြန်အလှန် ကစားနိုင်ခဲ့သည်။ ၃၃ မိနစ်တွင် တန်ပြန်တိုက်စစ်မှ တစ်ဆင့် မြန်မာအသင်း ဂိုးစတင်ရရှိခဲ့ပြီး အောင်ကောင်းမာန်၏ ပေးပို့မှုမှ တစ်ဆင့် အသင်းခေါင်းဆောင် မောင်မောင်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် စင်ကာပူအသင်း ချေပဂိုးပြန်ရခဲ့ပြီး တိုက်စစ်မှူး အီဟန်ဖန်ဒီက ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ဒုတိယပိုင်းအစတွင် ရှာဟီရန်က စင်ကာပူအသင်းအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းသည် ဝင်းနိုင်ထွန်း၊ ကျော်ဇင်လွင်၊ မြတ်ကောင်းခန့်တို့ကိုထည့်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၆၅ မိနစ်တွင် အသင်းခေါင်းဆောင် မောင်မောင်လွင်က ချေပဂိုးပြန်သွင်းခဲ့သည်။ သို့သော် ၇၅ မိနစ်တွင် ရှာဝယ်က မြန်မာနောက်ခံလူများနှင့် ဂိုးသမား မျိုးမင်းလတ်တို့၏ အားနည်းချက်ကို အသုံးချကာ အနိုင်ဂိုးသွင်းယူခဲ့သည်။


မြန်မာအသင်းအတွက် ပထမဂိုးကို မောင်မောင်လွင် သွင်းယူနေစဉ်။

မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဒီဇင်ဘာ ၃၀ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်းပွဲ ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲကစားနှစ်ပွဲရှုံးဖြင့် အမှတ်မရသေးဘဲ စင်ကာပူအသင်းမှာမူ တစ်ပွဲကစား တစ်ပွဲနိုင် သုံးမှတ်ရရှိထားသည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – MFF**

တိုင်းရင်းသားရေးရာ အမှတ်(၁၀)
Ethnics Affairs (နိုဝင်ဘာ၊ ၂၀၂၂)
ထွက်ပြီ




၂၀၂၂ နိုဝင်ဘာလထုတ် တိုင်းရင်းသားရေးရာ အမှတ်စဉ်– ၁၀ တွင်
- ငြိမ်းချမ်းရေးတည်ရှိမှုနှင့် လွတ်လပ်ရေးအစွန့်ရှည်မှု
- ထားဝယ်ဒေသမှ ရှေးမြို့ဟောင်းများ
- ကျိုင်းတုံဒေသနေ ရှမ်းတိုင်းရင်းသားလူမျိုးများအကြောင်း
- ဆက်လက်သုံးစွဲပေး ငြိမ်းချမ်းရေးဆေး
- ရွေးကောက်ပွဲယှဉ်ပြိုင်မှုစနစ်သစ်
- မျှော်မှန်းရည်ရွယ် အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ
- မွန်တိုင်းရင်းသူ ဘုရင်မကြီးရှင်စောပု

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
(လက်ကားဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း–၀၁–၈၃၈၇၅၆၈

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကျင်းပ

ထန်ပါခွေ ဒီဇင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ထန်ပါခွေမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုကြိုဆိုသောအားဖြင့် ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘော ပြိုင်ပွဲများကို ယနေ့ နံနက် ၁၀ နာရီက စတင်ကျင်းပခဲ့ကြောင်း သိရသည်။



(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်လူငယ်များ လွတ်လပ်ရေးနေ့ကို အစဉ်အမြဲ မမေ့အပ်စေရေးနှင့် အားကစား ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်စေရေးအတွက် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် ဘောလုံးအသင်း လေးသင်းနှင့် ဘော်လီဘောအသင်း ငါးသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြပြီး အခြား အားကစားပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

❖ ကင်မရွန်းမှ

ဆားဘီးယားအသင်းနဲ့ ကင်မရွန်းအသင်းတို့ယှဉ်ပြိုင်ကစားရမယ့် အုပ်စုအဆင့် ဒုတိယပွဲစဉ်မှာ ကင်မရွန်းအသင်းနဲ့အတူ ပါဝင်မကစားနိုင်ဘူးလို့ ကင်မရွန်းဂိုးသမား အန်ဒရီအိုနားနားအနေနဲ့ ပြောကြားခဲ့တယ်လို့လည်း ကင်မရွန်းအသင်းနည်းပြ ရီဂိုဘတ်ဆောင်းက ပြောကြားခဲ့ပါတယ်။

ဒါကြောင့် ဂိုးသမား အန်ဒရီအိုနားနားဟာ နိုင်ငံအသင်းအတွက် ပါဝင်ကစားခွင့်ရပ်ဆိုင်းခံခဲ့ရပြီး အခြားပွဲစဉ်တွေမှာ ပါဝင်ကစားခွင့်မရရှိခဲ့ဘဲ ကာတာနိုင်ငံကနေ ကင်မရွန်းနိုင်ငံဆီ ပြန်သွားခဲ့ရတာလည်း ဖြစ်ပါတယ်။

ဂိုးသမား အိုနားနားဟာ ကင်မရွန်းအသင်းနဲ့အတူ ၂၀၁၆ ခုနှစ်အတွင်းမှာ စတင်ပွဲထွက်ကစားခဲ့ပြီး လက်ရှိအချိန်အထိ ကင်မရွန်းအသင်းအတွက် နိုင်ငံတကာပွဲစဉ်စုစုပေါင်း ၃၄ ပွဲ ပါဝင်ကစားပေးခဲ့ပြီးဖြစ်ပါတယ်။ ကင်မရွန်းအသင်းဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ အုပ်စုအဆင့်နဲ့တင် ပြိုင်ပွဲကနေ ထွက်ခဲ့ရတာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ အသက် (၂၆)နှစ်အရွယ်ရှိ ဂိုးသမား အန်ဒရီအိုနားနားဟာ ကင်မရွန်းနိုင်ငံ လက်ရွေးစင်ကစားသမားဘဝကနေ အနားယူတော့မှာဖြစ်တယ်လို့ အတိအလင်းပြောကြားခဲ့တာဖြစ်ပါတယ်။ ဂိုးသမားအိုနားနားဟာ ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းက နယ်သာလန်ကလပ် အေဂျက်အသင်းကနေ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းဆီ ပြောင်းရွှေ့ခဲ့သူလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

✰ ကျောဖုံးမှ

"ယခင်က တစ်ကီလိုကို ငွေကျပ် ၄၈၀၀ ရရှိပြီး ယခုနှစ်မှာတော့ ငွေကျပ် ၆၅၀၀ အထိ ဈေးကောင်းလာပါတယ်။ ထိုင်းနိုင်ငံက အဓိကဝယ်ယူနေတဲ့အတွက် ထိုင်းနိုင်ငံကိုပဲ တင်ပို့ပေးနေတာများပါတယ်။ မောတောင်ကုန်သွယ်မှုနဲ့ ကော့သောင်း–ရနောင်းကုန်သွယ်မှုလမ်းကြောင်းတွေကတစ်ဆင့် တင်ပို့ပေးနေရတယ်။ နိုင်ငံတော်အစိုးရက လုပ်ငန်းရှင်တစ်ဦးကို ဧက ၃၀ အထိ လိုင်စင်ချထားပေးတယ်။ မွေးမြူခွင့်လည်းပေးနေပါတယ်။ ပင်လယ်ကမ်းခြေနဲ့ ဒီရေတောကမ်းခြေတွေမှာ အဓိက မွေးမြူအောင်မြင်နိုင်ပါတယ်။ နုန်းများတဲ့ ရွှံ့ကမ်းစပ်တွေမှာသာ အောင်မြင်ဖြစ်ထွန်းမှု ရှိပါတယ်။ ဂျင်းကောက်တဲ့ တောင်သူတွေကိုတော့ တစ်ကီလိုကို ငွေကျပ် ၁၀၀၀ အထိ လုပ်အားခ ရရှိတဲ့အတွက် တစ်နေ့ကို ငွေကျပ် ၂၀၀၀၀ အထိ ဝင်ငွေရှိပါတယ်"ဟု ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာမှ ဂျင်းမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောကြားသည်။

ပင်လယ်ရေထွက်ကုန် ဂျင်းမွေးမြူခြင်းလုပ်ငန်းကို ကျွန်းစုမြို့နယ်အတွင်း ပင်လယ်ကမ်းစပ် တစ်လျှောက်ရှိ ရေကန်တောင်၊ ရေအေး၊ ကလိန်ဘဲ၊ သဲချောင်း၊ စခန်းသစ်၊ ရေကန်အော်၊ ပန်းဇင်၊ မင်းချမ်းတောင်၊ ကတန်၊ ပရည်ကျွန်းနှင့် မအိုင်စသည့်ကျေးရွာများ၌ အဓိကမွေးမြူထွက်ရှိပြီး ပုလောမြို့နယ်တွင် လက္ကူး၊ ပိတပ်၊ ကင်းဖြူ၊ ကျောက္ကာအုပ်စုနှင့် ပလမြို့တို့ရှိ ကမ်းခြေတစ်လျှောက်နှင့် ဒီရေတောကမ်းစပ်များတွင် အဓိကမွေးမြူကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

**ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၂/ဃ) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေကွက်အမှတ် (၂/ဃ) မြေအကျယ်အဝန်း ဧရိယာ (၀.၁၈၃)ဧကရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်မာကြည် [၁၂/ပဘတ(နိုင်)၀၁၀၂၇၇] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအိမ်မြေ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန်းနီလာချစ်ဆွေ (LL.B, D.BL, D.IL.,D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်–၃၉၅၆၁)**

**ဒေါ်ယွန်းသန္တာအောင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၈၁၂၇)**

**အခန်း(၁၇၁)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၄၅၄၇၁၂၈၊ ၀၉–၇၅၅၄၉၁၂၄၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၂၄ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တံတားမြို့အားကစားကွင်းတွင် မြို့အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက် ဦးဆောင်ကြီးကြပ်၍ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူငယ် အားကစားသမားများဖြင့် အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

အောင်ဆွေ(ရွှေတံတား)



**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊မြောက်ပိုင်း၊ ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေး၀ယ်လိုသည်။
09 422 848 224

**သွေးသည် အသက်**

**ဦးအောင်အောင်(ခ)ဇိုင်းနူးရ်အာဗေဒ္ဒီးန်နှင့်အများသိစေရန်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၂၉/က)နေ ဦးအောင်အောင်(ခ)ဇိုင်းနူးရ်အာဗေဒ္ဒီးန်(ဘ) ဦးစူလ်တန်နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ၄၂–လမ်း၊ အမှတ်(၄၃)နေ မဇင်ဇာဝင်း(ခ)ဆွာအိမဟ်ဘီဘီ(ဘ)ဦးတင်မောင်ဝင်းတို့သည် ၁၅–၃–၂၀၁၉ ခုနှစ်တွင် အစ္စလာမ့်တရားတော်နှင့်အညီ နေကာဟ်ပြုထိမ်းမြားခဲ့ကြပြီး သားသမီးထွန်းကားခဲ့ခြင်းမရှိပါ။ အိမ်ထောင်ရေးအဆင်မပြေမှုများ၊ အကြောင်းအမျိုးမျိုးများကြောင့် ဘာသာရေးအဖွဲ့အစည်းကြီး၌ တင်ပြလျှောက်ထားခဲ့မှုကြောင့် လူကြီးမင်းသည်ထိုဘာသာရေးရုံးသို့ ၇–၁–၂၀၂၃ ရက် မွန်းလွဲ ၂ နာရီတွင် အမှတ်(၂၈၈)၊ ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်ဗဟိုရုံးခန်းသို့ ဦးအောင်အောင်(ခ)ဇိုင်းနူးရ်အာဗေဒ္ဒီးန်မှ လာရောက်ပါရန် ဆင့်ခေါ်အပ်ပါသည်။

**ဟာဂျီ ဦးချစ်ဆွေ**
**အတွင်းရေးမှူးချုပ်**
**မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)**
**အမှတ်–၃၂၃၊ ဒုတိယထပ်၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph–09–254133582**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ္ဏှိတ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့နိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုး၊ လူမျိုးစု ၁၃၀ ကျော် ရှိပါတယ်။ တိုင်းရင်းသားလူမျိုးတိုင်းဟာ တူညီတဲ့အခွင့်အရေးများ ရဖို့လိုပါတယ်။ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း တိုင်းရင်းသားများ အရေးနဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခွင့်အရေးတွေ၊ ရသင့်ရထိုက်တဲ့ ရပိုင်ခွင့်တွေရရှိအောင် ဆက်လက်ဆောင်ရွက်သွားပါမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကျွန်းစုမြို့နယ်မှ ထွက်ရှိသောဂျင်းများ ဈေးကောင်းပေး ဝယ်ယူလာသည့်အတွက် ဂျင်းမွေးမြူလုပ်ကိုင်သူများပြားလာ





ကျွန်းစု ဒီဇင်ဘာ ၂၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းမှထွက်ရှိသော ပင်လယ်ထွက်ကုန်တစ်မျိုးဖြစ်သည့် ဂျင်း (ပင်လယ်ခရုအနွယ်ဝင်)များကို ထိုင်းနိုင်ငံမှ ဈေးကောင်းပေးဝယ်ယူသူများပြားလာသည့်အတွက် တစ်ပိုင်တစ်နိုင် လုပ်ကိုင်ရာမှ စီးပွားဖြစ်မွေးမြူသူများ ယခုနှစ်တွင် သုံးဆခန့်ပိုမိုများလာကြောင်း ရေကန်တောင်ကျေးရွာအုပ်စုအတွင်းရှိ ဂျင်းမွေးမြူရောင်းချသူများထံမှ သိရသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ☆

## AFF Cup ပြိုင်ပွဲတွင် မြန်မာအသင်း အဝေးကွင်း၌ အရေးနိမ့်

ရန်ကုန် ဒီဇင်ဘာ ၂၄

2022 AFF Cup ပြိုင်ပွဲ အုပ်စု(ခ) ဒုတိယနေ့အဖြစ် စင်ကာပူအသင်းနှင့် မြန်မာအသင်းတို့ ဒီဇင်ဘာ ၂၄ ရက်က စင်ကာပူနိုင်ငံရှိ ဂျလန်ဘီဆာကွင်း၌ ယှဉ်ပြိုင်ကစားရာ စင်ကာပူအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် အဝေးကွင်း၌ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။ မြန်မာအသင်းသည် အဝေးကွင်း၌

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❍



## ကင်မရွန်းဂိုးသမား အန်ဒရီအိုနားနား နိုင်ငံလက်ရွေးစင်ကစားသမားဘဝမှ အနားယူလိုက်ပြီ

ကင်မရွန်းဂိုးသမား အန်ဒရီအိုနားနားဟာ ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကင်မရွန်းအသင်းနည်းပြဖြစ်သူ ရီဂိုဘတ်ဆောင်းနဲ့ အဆင်မပြေဖြစ်ခဲ့ပြီးနောက် ကင်မရွန်းနိုင်ငံလက်ရွေးစင်ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။ စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ



**ပြည်နယ်စီးပွား ဖွံ့ဖြိုးစေရန် အထောက်အကူ ပြုလျက်ရှိသည့် တံတားကွန်ရက်များ**

စာမျက်နှာ » ၁၁

စာမျက်နှာ » ၂၀ ၊ ၂၁

**စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတို**

စာမျက်နှာ » ၂၂

**နတ်မောက်မြို့နယ် ဒီးဒုတ်ခင်ကျေးရွာ၌ PDF အမည်ခံအကြမ်းဖက်သမားများက ဆရာမတစ်ဦးနှင့် ခင်ပွန်းဖြစ်သူတို့ကို ပစ်ခတ်သတ်ဖြတ်**

စာမျက်နှာ » ၁၄